The Mirror

၁၃၇၃ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၄ ရက်၊ စနေနေ့၊ (11-2-2012)(၇၀၃၂)

တိုင်းရင်းသားများ၏ လူမှုစီးပွားဘဝ တိုးတက်မြင့်မားလာအောင် မြှင့်တင်ပေး

တိုင်းရင်းသားစည်းလုံးညီညွတ်ရေးဆိုတာ ယခင်အတွေ့အကြုံများအရ ပါးစပ်က ပြောနေရုံနဲ့မရပါဘူး။ စားပွဲမှာထိုင်ပြီး ဆွေးနွေးနေရုံနဲ့လည်း ဖြစ်မလာနိုင်ပါဘူး။ ပထဝီအနေအထားအရ ရေခြားမြေခြားဖြစ်နေတဲ့ ကျွန်တော်တို့တိုင်းရင်းသားတွေ နေထိုင်တဲ့ဒေသတွေကို တစ်ဆက်တစ်စပ်တည်းဖြစ်သွားအောင် ကားလမ်းတွေ၊ မီးရထားလမ်းတွေ ဖောက်ပေးရပါမယ်။ တံတားတွေ ဆောက်ပေးရပါမယ်။ ပညာရေး၊ ကျန်းမာရေးအဆင့်အတန်းတွေ မြှင့်တင်ပေးရပါမယ်။ တိုင်းရင်းသားတွေရဲ့ လူမှုစီးပွားဘဝ တိုးတက်မြင့်မားလာအောင် စီးပွားရေးအခြေခံကောင်းတွေ ပြုလုပ်ပေးရပါမယ်။ ဒီလမ်းတွေ၊ တံတားတွေ၊ စာသင်ကျောင်းတွေ၊ ဆေးရုံဆေးခန်းတွေကိုအသုံးချပြီး တိုင်းရင်းသားတွေရဲ့ လူမှုဘဝမြင့်မားလာအောင် မြှင့်တင်ပေးရမှာ ဖြစ်ပါတယ်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်

[၃၀-၃-၂၀၁၁ ရက်နေ့တွင်ကျင်းပသော ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် ပုံမှန်အစည်းအဝေးတွင် ပြောကြားသည့်မိန့်ခွန်းမှ ကောက်နုတ်ချက်]

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

☆ **ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ်ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။**

☆ **ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ်ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။**

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အီရန်နိုင်ငံ အမျိုးသားနေ့သဝဏ်လွှာပေးပို့

နေပြည်တော် ဖေဖော်ဝါရီ ၁၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ဖေဖော်ဝါရီ ၁၁ ရက်တွင် ကျရောက်သော အီရန်အစ္စလာမ်မစ်သမ္မတနိုင်ငံ၏ အမျိုးသားနေ့၌ အီရန်အစ္စလာမ်မစ်သမ္မတနိုင်ငံ သမ္မတ မာမွတ်အာမက်ဒီနီဂျက်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

ပြည်ထောင်စုလွှတ်တော်အစည်းအဝေး နဝမနေ့ ဆက်လက်ကျင်းပ

အဆိုအသစ်(၁)ခုတင်သွင်းခြင်းနှင့် ဥပဒေကြမ်းများ ဆက်လက်ဆွေးနွေးခြင်းတို့ ဆောင်ရွက်

နေပြည်တော် ဖေဖော်ဝါရီ ၁၀

ယနေ့ ပြည်ထောင်စုလွှတ်တော်အစည်းအဝေး နဝမနေ့ကို နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်ထောင်စုလွှတ်တော်ခန်းမ၌ ဆက်လက်ကျင်းပရာ ပြည်ထောင်စုလွှတ်တော်နာယက ဦးခင်အောင်မြင့်၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်(၅၄၆)ဦးတို့ တက်ရောက်ကြသည်။

အစည်းအဝေး၌ အဆိုအသစ်(၁)ခုတင်သွင်းခြင်းနှင့် ဥပဒေကြမ်းများ ဆက်လက်ဆွေးနွေးခြင်းတို့ကို ဆောင်ရွက်ကြသည်။

အဆိုတင်သွင်းခြင်းကဏ္ဍ၌ ကော့ကရိတ်မဲဆန္ဒနယ်မှ ဦးသူရိန်ဇော်က **"လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက တာဝန်ယူဆောင်ရွက်ခဲ့သော မြစ်ရေတင်စီမံကိန်းများနှင့်ရေလှောင်တမံ၊ ရေလွှဲဆည်များအား ပြည်ထောင်စုစာရင်းစစ်ချုပ်၏ စစ်ဆေးတွေ့ရှိချက်အပေါ် ပြည်သူ့လွှတ်တော် ပြည်သူ့ငွေစာရင်းကော်မတီ၏ သုံးသပ်အကြံပြုချက်များသည် ပြည်သူတစ်ရပ်လုံးအတွက် အရေးကြီးသောအချက်များဖြစ်သဖြင့် အများပြည်သူအကျိုးငှာ ပြည်ထောင်စုအစိုးရအဖွဲ့က ဆောင်ရွက်ပေးရန် တိုက်တွန်းကြောင်းနှင့် ပြည်ထောင်စုလွှတ်တော်က အတည်ပြုပေးနိုင်ပါရန်"** အဆိုကို လွှတ်တော်သို့တင်သွင်းသည်။

ယင်းအဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးမည့် လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် ယနေ့ အစည်းအဝေးအပြီးတွင် အမည်စာရင်းပေးပို့ကြရန် ဖြစ်ကြောင်း သိရသည်။

ဥပဒေကြမ်းများ ဆက်လက်ဆွေးနွေးခြင်းကဏ္ဍ၌ နိုင်ငံတော်၏ အမျိုးသားစီမံကိန်းဥပဒေကြမ်းများတွင် ပါဝင်သည့် ပညာရေးကဏ္ဍ၊ စီးပွားရေးကဏ္ဍ၊

စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆

ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးသို့ တက်ရောက်လာကြစဉ်။ (သတင်းစဉ်)

ယ နေ့ သ တ င် း အ ညွှ န် း

နိုင်ငံအဆင့် ဇီဝမျိုးစုံမျိုးကွဲ သတင်းအချက်အလက်ဖြန့်ချိရေးကွန်ရက်စနစ် ထိန်းသိမ်းထားရှိရေးသင်တန်းဆင်း
ပြည်တွင်းသတင်း စာမျက်နှာ - ၂

ဧေယျာသီရိမြို့နယ် သက်နှင်းအင်းကျေးရွာ၌ ငွေကျပ် ၃၂ သိန်းတန် ရောင်ခြည်ဦးကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်ဖွင့်
ပြည်တွင်းသတင်း စာမျက်နှာ - ၃

ဒစ်ဂျစ်တယ်စနစ်သုံး ကျောင်းသုံးဖတ်စာအုပ်များ တောင်ကိုရီးယား၌ ပြဋ္ဌာန်းရန် စီစဉ်လျက်ရှိ ဒေါ်လာ ၂ ဒသမ ၄ ဘီလီယံခန့် ကျခံသုံးစွဲရမည်
နိုင်ငံတကာသတင်း စာမျက်နှာ - ၄

ဒိုင်ယာနာအတ္ထုပ္ပတ္တိ ဇာတ်ကားတွင် ဒိုင်ယာနာအဖြစ် ဩစတြေးလျမင်းသမီး နာအိုမီဝေါ့ထ်စ် သရုပ်ဆောင်မည်
နိုင်ငံတကာအနုပညာသတင်း စာမျက်နှာ - ၁၀

ကြေးမုံစာတည်းရှုထောင့် ၁၁-၂-၂၀၁၂ [စနေနေ့]။

အသီးတစ်ရာ အညှာတစ်ခု

ဤဒေသတွင် ရေ မြေ သဘာဝသယံဇာတ ကြွယ်ဝလှ၏။ ဥတုရာသီ ညီညွတ်မျှတ အပူအအေးမျှ၏။ တောတောင်တစ်ဝန်း စိမ်းလန်းစိုပြည် မြသားပန်းချီ။ မြစ်ချောင်းကြီးငယ် အသွယ်သွယ်တို့ ရာသီမလပ် မပြတ်စီးဆင်း တသွင်သွင်။ ကောက်ပဲသီးနှံ ဆန်ရေစပါး ပိုလျှံပေါများ ထွက်သည့်အားကြောင့် စားနပ်ရိက္ခာ ဖူလုံပါ၏။ တိုင်းကားပြည်သူ ခွင့်တူညီမျှ ဝါဒဖြူစင်သည့်မြေ။ တရားမျှတခြင်း၊ လွတ်လပ်ခြင်း၊ ညီမျှခြင်း လောကပါလတရားများ ထွန်းကားရာမြေ။

သည်မြေတွင်နေ သည်ရေကိုသောက်၍ တိုင်းရင်းသားမျိုးနွယ်စုများ ပျံ့နှံ့ရောနှော နေထိုင်လာခဲ့ကြသည်မှာ သမိုင်းအစ ရှေးပဝေသဏီကပင်။ မြန်မာတိုင်းရင်းသားတို့ ပေါင်းစည်းနေထိုင်ရာ ဤနိုင်ငံ၏ ရေမြေသက်တမ်းသည် သုတေသီတို့ ရှာဖွေတွေ့ရှိသော အထောက်အထားများအရ နှစ်သန်းပေါင်း ၄၀ ကျော်ကပင်၍ လက်ခံထားကြ၏။ မြို့ပြနိုင်ငံများ ထူထောင်လာခဲ့သည်မှအစ ပုဂံ၊ ပင်းယ၊ စစ်ကိုင်း၊ အင်းဝ၊ တောင်ငူ၊ ညောင်ရမ်း၊ ကုန်းဘောင်ခေတ်စဉ်များတစ်လျှောက် ထည်ထည်ဝါဝါ နေထိုင်လာခဲ့ကြ၏။

သမိုင်းခေတ်အဆက်ဆက်တွင် စည်းလုံးညီညွတ်မှုပျက်ပြားသောအခါ ဝါးအစည်းပြေသကဲ့သို့ မြို့ပြ ပြည်ရွာတို့ ပျက်ယွင်းခဲ့ရ၏။ မင်းနှင့်ပြည်သူတို့ တစည်းတလုံးတည်း ညီညွတ်မှုရှိသည့်အခါ အင်အားကြီးမားသည့် နိုင်ငံအဖြစ် အထွတ်အထိပ်သို့ရောက်ရှိခဲ့ကြ၏။ ခေတ်စနစ်အလိုက် တွေ့ကြုံခဲ့ရသည့် အခက်အခဲ၊ အကျပ်အတည်း၊ အနှောင်အဖွဲ့ဟူသမျှကိုလည်း တိုင်းရင်းသားပြည်သူများ၏ စိတ်ဓာတ်စွမ်းအား၊ ညီညွတ်မှု စွမ်းပကားဖြင့် တွန်းလှန်တိုက်ထုတ် အောင်ပွဲခံနိုင်ခဲ့သည့် အတွေ့အကြုံများစွာတို့ ရရှိခဲ့ကြပြီဖြစ်၏။

ထီးကျိုးစည်ပေါက် သူ့ကျွန်ဘဝရောက်ခဲ့ရသည့်တိုင် မြန်မာတိုင်းရင်းသားအားလုံးတို့က နယ်ချဲ့တို့အား ရောက်ရာဒေသမှ ရရာလက်နက်ဖြင့် တွန်းလှန်တိုက်ခိုက်ခဲ့ကြ၏။ ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်း စသည့် တိုင်းရင်းသားအားလုံးတို့၏ ပြည်ထောင်စုစိတ်ဓာတ်ဖြင့် စွန့်စွန့်စားစား တိုက်ပွဲဝင်ခဲ့ကြရာ နိုင်ငံ၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကို ပြန်လည်ရယူနိုင်ခဲ့၏။ လွတ်လပ်သောနိုင်ငံ၊ လွတ်လပ်သောလူမျိုးဘဝကို ပိုင်ဆိုင်ထိန်းသိမ်းနိုင်ကြပြီဖြစ်၏။

မျက်မှောက်ကာလတွင် နိုင်ငံတကာမျက်နှာစာ၌ တန်းတူရည်တူ ခေတ်မီနိုင်ငံထူထောင်နိုင်ရေး ကြိုးပမ်းကြရပေဦးမည်။ ခေတ်သစ် စနစ်သစ် ဒီမိုကရေစီနိုင်ငံသစ်ကို တိုင်းရင်းသားအားလုံး၏စွမ်းအားဖြင့် တည်ဆောက်ကြရပါမည်။ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ်ဖြင့် ကျင့်သုံးကြမည်ဖြစ်၏။ သန့်ရှင်းသောအစိုးရ၊ ကောင်းမွန်သော စီမံခန့်ခွဲအုပ်ချုပ်မှုများဖြင့် နိုင်ငံသူ နိုင်ငံသား ပြည်သူများ၏ လူမှုစီးပွားဘဝမြင့်မားလာရေး အလေးထား ဆောင်ရွက်နေ၏။ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး ဖြည့်ဆည်းဖွယ်ရာများကို ဖြည့်ဆည်းပေးလျက်ရှိသည်ကို တွေ့ရမည်ဖြစ်၏။

ပြည်ထောင်စုကြီးအတွင်း နေရာဒေသအကြီးအသေး၊ အနီးအဝေးကို မကြည့်ဘဲ ဒေသအားလုံး ဖွံ့ဖြိုးရေးကို ရှေးရှုဆောင်ရွက်လျက်ရှိရာ တိုင်းရင်းသားများနေထိုင်သည့် ဒေသအလိုက် လမ်းပန်းဆက်သွယ် ရောင်းဝယ်ဖောက်ကား စည်ကားတိုးတက် သွားလာလုပ်ကိုင် နေထိုင်နိုင်ကြပေပြီ။ တောင်ပေါ်မြေပြန့် ဒေသအနှံ့ ပျံ့နှံ့နေထိုင်ကြသော်လည်း အမှန်အားဖြင့် တိုင်းရင်းသားမျိုးနွယ်စုများသည် ပင်စည်တစ်ခုတည်းမှ သီးပွင့်ပေါက်ဖွားလာသော ပြည်ထောင်စုသားများသာ။

တိုင်းရင်းသားများအနေဖြင့် သည်မြေတွင်နေ သည်ရေကိုသောက် ချစ်ချစ်ခင်ခင် ရင်းရင်းနှီးနှီး ထာဝရပေါင်းစည်းနေထိုင်လာခဲ့ကြပြီ။ ရှေ့အဖို့တွင်လည်း ပြည်ထောင်စုကြီး အဓွန့်ရှည်တည်တံ့ခိုင်မြဲရေး အလေးထားကြရပါမည်။ အသီးတစ်ရာ အညှာတစ်ခု ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ပြည်ထောင်စုတစ်ဝန်း ထာဝရငြိမ်းချမ်းမှုရရှိရေး၊ နိုင်ငံခေတ်မီဖွံ့ဖြိုးရေး တစ်စိတ်တည်း တစ်သားတည်း၊ အမြင်တူ အသွင်တူ စည်းလုံးညီညီ ပါဝင်ကြိုးပမ်းကြရမည့် အချိန်ကောင်း အခါကောင်းဖြစ်ကြောင်း သုံးသပ်ရှုမြင်မိပါသည်။ ။

နိုင်ငံအဆင့် ဇီဝမျိုးစုံမျိုးကွဲ သတင်းအချက်အလက် ဖြန့်ချိရေးကွန်ရက်စနစ် တည်ထောင်ရေးနှင့် ဆက်လက်ထိန်းသိမ်းထားရှိရေးသင်တန်းဆင်းပွဲကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၁၀

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန သစ်တောဦးစီးဌာနနှင့် အာဆီယံ ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းရေး ဗဟိုဌာန (ASEAN Centre for Biodiversity - ACB) တို့ ပူးပေါင်းကျင်းပသည့် မြန်မာနိုင်ငံတွင် နိုင်ငံအဆင့် ဇီဝမျိုးစုံမျိုးကွဲ သတင်းအချက်အလက် ဖြန့်ချိရေးကွန်ရက်စနစ် (Clearing-House Mechanism-CHM) တည်ထောင်ရေးနှင့် ဆက်လက်ထိန်းသိမ်းထားရှိရေး သင်တန်းဆင်းပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၉ ရက် မွန်းလွဲ ၂ နာရီတွင် သစ်တောဦးစီးရုံးချုပ် အင်ကြင်းခန်းမ၌ ကျင်းပရာ သစ်တောဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးအေးမြင့်မောင် တက်ရောက်အမှာစကား ပြောကြားရာတွင် ဤသင်တန်းသည် မြန်မာနိုင်ငံ၌ CHM ဝက်ဘ်ဆိုက်ဖွံ့ဖြိုးတိုးတက်ရေး အတွက် အလွန်အရေးကြီးပါကြောင်း၊ CHM ဝက်ဘ်ဆိုက်တည်ထောင်ရေးနှင့် ဆက်လက်ထိန်းသိမ်းရေးလုပ်ငန်းစဉ်များတွင် ကျွမ်းကျင်ပိုင်နိုင်စွာ ဆောင်ရွက်နိုင်စွမ်းရှိသည့် လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့်စွမ်းဆောင်ရည်မြင့်မားရေးကို ရည်ရွယ်၍ ဖွင့်လှစ်ရခြင်းဖြစ်ပါကြောင်း။

မြန်မာနိုင်ငံတွင် CHM ဝက်ဘ်ဆိုက်ဆောင်ရွက်ရခြင်း၏ အဓိကရည်ရွယ်ချက်များမှာ နိုင်ငံအတွင်း ဇီဝမျိုးစုံမျိုးကွဲဆိုင်ရာကိန်းဂဏန်းနှင့် သတင်းအချက်အလက်များအား သက်ဆိုင်သူအားလုံး အပြန်အလှန်ဖလှယ်၍ အသုံးပြုနိုင်ရန်၊ ကုလသမဂ္ဂ ဇီဝမျိုးစုံမျိုးကွဲ ထိန်းသိမ်းရေးညီလာခံ (Convention on Biological Diversity-CBD) ၏ ရည်မှန်းချက်ဖြစ်သော နိုင်ငံတကာသိပ္ပံနှင့်နည်းပညာ ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ဆောင်ရွက်၍ ဇီဝမျိုးစုံမျိုးကွဲ လျော့နည်းပျောက်ဆုံးမှု ပပျောက်သွားသည်အထိ လက်တွေ့လုပ်ကိုင်ဆောင်ရွက်ရန်၊ ပြည်သူလူထုအတွင်း နိုးကြားတက်ကြွသော အသိပညာ ရှင်သန်စေခြင်းဖြင့် ဇီဝမျိုးစုံမျိုးကွဲများ ရေရှည်တည်တံ့စေရန်နှင့် ပြည်သူလူထုများက ပူးပေါင်းထိန်းသိမ်းလာစေရန်တို့ဖြစ်ကြောင်းဖြင့် ပြောကြားပြီး သင်တန်းဆင်းလက်မှတ်များနှင့် သင်တန်းဆရာများအား ဂုဏ်ပြုလက်ဆောင်များကို ပေးအပ်သည်။

ဆက်လက်၍ ACB မှ သင်တန်းဆရာတစ်ဦးက သင်တန်းမှ ဆွေးနွေးမှုရလဒ်အပေါ် အခြေခံ၍ ဖော်ထုတ်ရရှိသည့် ဝက်ဘ်ဆိုက်၏ နမူနာဒီဇိုင်းနှင့် ထည့်သွင်းဖော်ပြမည့် အကြောင်းအရာများကို ရှင်းလင်းတင်ပြပြီး သင်တန်းအောင်မြင်စွာ ကျင်းပနိုင်ခဲ့သည့်အတွက် အထူးကျေးဇူးတင် ဝမ်းမြောက်မိပါကြောင်း ပြောကြားသည်။

သင်တန်းသို့ သစ်တောဦးစီးဌာန၊ ဆက်စပ်ဌာနဆိုင်ရာများနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ သင်တန်းသား ၂၃ ဦး တက်ရောက်ခဲ့ကြပြီး သင်တန်းကာလမှာ ဖေဖော်ဝါရီ ၆ ရက်မှ ၉ ရက်အထိဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံတွင် နိုင်ငံအဆင့် ဇီဝမျိုးစုံမျိုးကွဲ သတင်းအချက်အလက် ဖြန့်ချိရေးကွန်ရက်စနစ် တည်ထောင်ရေးနှင့် ဆက်လက်ထိန်းသိမ်းထားရှိရေး သင်တန်းဆင်းပွဲ အခမ်းအနားတွင် သစ်တောဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးအေးမြင့်မောင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

အမေရိကန်ဒေါ်လာနှင့် နိုင်ငံတကာငွေကြေးများလဲလှယ်နှုန်း

၁၀ - ၂ -၂၀၁၂

ငွေကြေးစနစ်	တစ်ဒေါ်လာလျှင်ယူနစ်	တစ်ယူနစ်လျှင်ဒေါ်လာ
ထိုင်း (ဘတ်)	၃၀. ၈၈၆၀	၀. ၀၃၂၃၈
တရုတ် (ယွမ်)	၆. ၂၉၉၉၁	၀. ၁၅၈၇၃
အိန္ဒိယ (ရူပီး)	၄၉. ၄၈၀၀	၀. ၀၂၀၂၁
မလေးရှား (ရင်းဂစ်)	၃. ၀၂၂၀၀	၀. ၃၃၀၉၁
စင်ကာပူ (ဒေါ်လာ)	၁. ၂၅၉၆၀	၀. ၇၉၃၉၁
ဂျပန် (ယန်း)	၇၇. ၆၇၆၄	၀. ၀၁၂၈၇
တောင်ကိုရီးယား(ဝမ်)	၁၁၂၃. ၉၆	၀. ၀၀၀၈၉
ယူရို	၀. ၇၅၈၀၁	၁. ၃၁၉၂၄
ဗြိတိသျှ (ပေါင်)	၀. ၆၃၄၅၇	၁. ၅၇၅၈၇

အင်တာနက်။

ဖေဖော်ဝါရီ ၄ ရက်က ရန်ကုန်မြို့ မြောက်ဥက္ကလာပမြို့နယ် အမက(၃၂)၏ ၂၀၁၀-၂၀၁၁ ပညာသင်နှစ် ပညာရည်ချွန်ဆုပေးပွဲတွင် ပထမတန်းမှ ဘာသာစုံထူးချွန် ပထမဆုရ မထက်မြတ်ရတီအား ကျောင်းအုပ်ဆရာမကြီး ဒေါ်သန်းသန်းနီ ဆုချီးမြှင့်စဉ်။ (ပညာရေး)

(၆၄)ကြိမ်မြောက် တိပိဋကဓရ၊ တိပိဋကကောဝိဒရွေးချယ်ရေး စာမေးပွဲ သဘောရေးဖြေနှင့် အာဂုံပြန်အောင်စာရင်း

ယမန်နေ့မှအဆက်

အဘိဓမ္မပိဋက၊ အဘိဓမ္မာ ဒုတိယပိုင်း နှစ်ကျမ်းအာဂုံအောင် တိပိဋကဓရ (၁)ပါး

ပလ္လင်အမှတ်(၁) အရှင်ပညာသိရီလင်္ကာရ၊ အသက်(၄၇)နှစ်၊ သိက္ခာ(၂၇)ဝါ၊ တိပိဋကကျောင်းတော်၊ ဒဂုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

အဘိဓမ္မပိဋက၊ အဘိဓမ္မာ ပထမပိုင်း ငါးကျမ်းအာဂုံအောင် မူလအာဘိဓမ္မိက (၂)ပါး

ပလ္လင်အမှတ်(၄) အရှင်သုခိန္ဒြိယ၊ အသက်(၃၆)နှစ်၊ သိက္ခာ(၁၇)ဝါ၊ ရွှေကျောင်းပရိယတ္တိစာသင်တိုက်၊ ဟသ်ာတမြို့၊ ဧရာဝတီတိုင်းဒေသကြီး

ပလ္လင်အမှတ်(၅) အရှင်ပညာဝံသာဘိဝံသ၊ အသက်(၃၇)နှစ်၊ သိက္ခာ (၁၆)ဝါ၊ တိပိဋ္ဋက မဟာဂန္ထဝင်နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

သုတ္တန္တပိဋက၊ ဒီဃနိကာယ်သုံးကျမ်းအာဂုံအောင် ဒီဃဘာဏက (၄)ပါး

ပလ္လင်အမှတ်(၈) အရှင်မာနိတ၊ အသက်(၃၂)နှစ်၊ သိက္ခာ(၁၃)ဝါ၊ တိပိဋ္ဋက မဟာဂန္ထဝင်နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

ပလ္လင်အမှတ်(၉) အရှင်အဂ္ဂဝံသ၊ အသက်(၃၁)နှစ်၊ သိက္ခာ (၁၁)ဝါ၊ တိပိဋ္ဋကကျောင်းတော်၊ ဒဂုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

ပလ္လင်အမှတ်(၁၀) အရှင်ကုန္ဒကာလင်္ကာရ၊ အသက်(၃၁)နှစ်၊ သိက္ခာ (၁၁)ဝါ၊ တိပိဋ္ဋက မဟာဂန္ထဝင်နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

ပလ္လင်အမှတ်(၁၁) အရှင်ဇောတိသရာလင်္ကာရ၊ အသက်(၃၀)နှစ်၊ သိက္ခာ (၁၀)ဝါ၊ နိကာယ်စာသင်တိုက်၊ ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

ဝိနယပိဋက၊ ဝိနည်းဒုတိယပိုင်း သုံးကျမ်းအာဂုံအောင် ဝိနယဓရ (၂၇)ပါး

ပလ္လင်အမှတ်(၁၆) အရှင်ဇာနေယျဗုဒ္ဓိ၊ အသက်(၃၀)နှစ်၊ သိက္ခာ(၁၁)ဝါ၊ တိပိဋ္ဋက မဟာဂန္ထဝင်နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

ပလ္လင်အမှတ်(၁၈) အရှင်အဂ္ဂဉာဏ၊ အသက်(၃၀)နှစ်၊ သိက္ခာ(၁၀)ဝါ၊ တိပိဋ္ဋက နိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း စစ်ကိုင်းမြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး

ပလ္လင်အမှတ်(၂၃) အရှင်သက္ကဇောတာလင်္ကာရ၊ အသက်(၃၁)နှစ်၊ သိက္ခာ(၉)ဝါ၊ တိပိဋ္ဋက ဓမ္မပါလကျောင်းတိုက်၊ မုံရွာမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး

ပလ္လင်အမှတ်(၂၅) အရှင်လောကသိရီလင်္ကာရ၊ အသက်(၂၉)နှစ်၊ သိက္ခာ (၈)ဝါ၊ တိပိဋ္ဋက မဟာဂန္ဓာရုံကျောင်းတိုက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

ပလ္လင်အမှတ်(၂၆) အရှင်အဂ္ဂသီလ၊ အသက်(၂၈)နှစ်၊ သိက္ခာ(၈)ဝါ၊ တိပိဋ္ဋက နိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း စစ်ကိုင်းမြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး

ပလ္လင်အမှတ်(၂၉) အရှင်ဉာဏဝရ၊ အသက်(၂၇)နှစ်၊ သိက္ခာ(၈)ဝါ၊ တိပိဋ္ဋက ဓမ္မပါလကျောင်းတိုက်၊ မုံရွာမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး

ပလ္လင်အမှတ်(၃၀) အရှင်ပညာသိရီလင်္ကာရ၊ အသက်(၂၈)နှစ်၊ သိက္ခာ (၈)ဝါ၊ တိပိဋ္ဋက မဟာဂန္ထဝင်နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

ပလ္လင်အမှတ်(၃၁) အရှင်ပဏ္ဍာဝါလင်္ကာရ၊ အသက်(၂၇)နှစ်၊ သိက္ခာ(၇)ဝါ၊ တိပိဋ္ဋက နိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း စစ်ကိုင်းမြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး

ပလ္လင်အမှတ်(၃၂) အရှင်ပညာစာရာလင်္ကာရ၊ အသက်(၂၇)နှစ်၊ သိက္ခာ(၇)ဝါ၊ တိပိဋ္ဋက နိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း စစ်ကိုင်းမြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး

ပလ္လင်အမှတ်(၃၄) အရှင်ဝိသုဒ္ဓ၊ အသက်(၂၇)နှစ်၊ သိက္ခာ(၇)ဝါ၊ တိပိဋ္ဋက မဟာဂန္ထဝင်နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

ပလ္လင်အမှတ်(၃၅) အရှင်ပဏ္ဍိတဝံသ၊ အသက်(၂၇)နှစ်၊ သိက္ခာ(၇)ဝါ၊ တိပိဋ္ဋက ဓမ္မပါလကျောင်းတိုက်၊ မုံရွာမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး

ပလ္လင်အမှတ်(၃၇) အရှင်သောမာစာရ၊ အသက်(၂၇)နှစ်၊ သိက္ခာ(၇)ဝါ၊ မဟာသုခါရာမကျောင်းတိုက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

ပလ္လင်အမှတ်(၃၈) အရှင်နန္ဒိမာလင်္ကာရ၊ အသက်(၂၇)နှစ်၊ သိက္ခာ(၇)ဝါ၊ တိပိဋ္ဋက မဟာဂန္ဓာရုံကျောင်းတိုက်၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

ပလ္လင်အမှတ်(၄၃) အရှင်ကေလာသ၊ အသက်(၂၄)နှစ်၊ သိက္ခာ(၄)ဝါ၊ ရွှေရတနာကျောင်း၊ မိုးကောင်းတိုက်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး

ပလ္လင်အမှတ်(၄၄) အရှင်ကဝိန္ဒ၊ အသက်(၂၄)နှစ်၊ သိက္ခာ (၄)ဝါ၊ တိပိဋ္ဋက နိကာယကျောင်းတိုက်၊ ပြင်ဦးလွင်မြို့၊ မန္တလေးတိုင်းဒေသကြီး

ပလ္လင်အမှတ်(၄၇) အရှင်စန္ဒသိရီ၊ အသက်(၃၇)နှစ်၊ သိက္ခာ(၁၇)ဝါ၊ တိပိဋ္ဋက ဓမ္မပါလကျောင်းတိုက်၊ မုံရွာမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး

ပလ္လင်အမှတ်(၄၈) အရှင်ကုမာရ၊ အသက်(၃၅)နှစ်၊ သိက္ခာ(၁၅)ဝါ၊ တိပိဋ္ဋက မဟာဂန္ထဝင်နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

ပလ္လင်အမှတ်(၄၉) အရှင်ကောဝိဒ၊ အသက်(၃၄)နှစ်၊ သိက္ခာ (၁၄)ဝါ၊ ရတနာပုံကျောင်း၊ မဟာဝိသုဒ္ဓါရုံတိုက်သစ်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး

ပလ္လင်အမှတ်(၅၅) အရှင်ပညာနန္ဒ၊ အသက်(၃၀)နှစ်၊ သိက္ခာ(၁၀)ဝါ၊ တိပိဋ္ဋက မဟာဂန္ထဝင်နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

ပလ္လင်အမှတ်(၅၇) အရှင်သုနန္ဒ၊ အသက်(၂၉)နှစ်၊ သိက္ခာ(၉)ဝါ၊ တိပိဋ္ဋက နိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း စစ်ကိုင်းမြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး

ပလ္လင်အမှတ်(၆၂) အရှင်တိက္ခဝံသာလင်္ကာရ၊ အသက် (၂၈)နှစ်၊ သိက္ခာ (၈)ဝါ၊ နိကာယ်စာသင်တိုက်၊ ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

စာမျက်နှာ ၃ ကော်လံ ၁ သို့ ❖

(11-2)02.pmd 1 2/11/2012, 2:16 AM

❖ စာမျက်နှာ ၂ မှ

ပလ္လင်အမှတ်(၆၅) အရှင်ကုဏ္ဍလာလင်္ကာရ၊ အသက်(၂၈)နှစ်၊ သိက္ခာ(၈)ဝါ၊ သာမဏေကျော်ပရိယတ္တိစာသင်တိုက်၊ ပဲခူးမြို့၊ ပဲခူးတိုင်းဒေသကြီး

ပလ္လင်အမှတ်(၆၇) အရှင်ပါမောက္ခ၊ အသက်(၂၇)နှစ်၊ သိက္ခာ (၇)ဝါ၊ သာသနာ့အလင်းရောင်ကျောင်းတိုက်၊ ဒေါပုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

ပလ္လင်အမှတ်(၆၈) အရှင်ကုဏ္ဍလ၊ အသက်(၂၇)နှစ်၊ သိက္ခာ(၇)ဝါ၊ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်းစစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး (ဝိသိဋ္ဌဝိနယဓရ)

ပလ္လင်အမှတ်(၇၁) အရှင်ဂမ္ဘီသာရ၊ အသက်(၂၆)နှစ်၊ သိက္ခာ(၆)ဝါ၊ တိပိဋကမဗ္ဗပါလကျောင်းတိုက်၊ မုံရွာမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး

ပလ္လင်အမှတ်(၈၁) အရှင်သီဟဗလ၊ အသက်(၂၄)နှစ်၊ သိက္ခာ (၄)ဝါ၊ မဟာသုခါရာမကျောင်းတိုက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

ပလ္လင်အမှတ်(၈၃) အရှင်ဉာဏိဿရ၊ အသက်(၂၂)နှစ်၊ သိက္ခာ(၂)ဝါ၊ တိပိဋကမဗ္ဗပါလကျောင်းတိုက်၊ မုံရွာမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး

(ဆက်လက်ဖော်ပြပါမည်)

☆ ရှေ့ဖုံးမှ

ဆောက်လုပ်ရေးကဏ္ဍ၊ လူမှုရေးနှင့် စီမံခန့်ခွဲရေးကဏ္ဍတို့နှင့်စပ်လျဉ်း၍ ဒဂုံမြို့သစ်(မြောက်ပိုင်း)မဲဆန္ဒနယ်မှ ဒေါ်တင်နွယ်ဦး၊ ရန်ကုန်တိုင်းဒေသကြီးမဲဆန္ဒနယ် အမှတ်(၆)မှ ဒေါက်တာတင်ရွှေ၊ ပဲခူးတိုင်းဒေသကြီးမဲဆန္ဒနယ် အမှတ်(၁၀)မှ ဦးမြင့်ထွန်း၊ ငပုတောမဲဆန္ဒနယ်မှ ဒေါ်ခင်သန်းမြင့်၊ ဗိုလ်တထောင်မဲဆန္ဒနယ်မှ ဦးစိန်မြင့်၊ မာန်အောင်မဲဆန္ဒနယ်မှ ဦးအောင်စိန်၊ ရမည်းသင်းမဲဆန္ဒနယ်မှ ဦးဘိုနီ၊ ပန်းဘဲတန်းမဲဆန္ဒနယ်မှ ဦးအောင်ဆန်း၊ ကရင်ပြည်နယ်မဲဆန္ဒနယ် အမှတ် (၅)မှ ဦးစောထွန်းမြအောင်၊ ရခိုင်ပြည်နယ်မဲဆန္ဒနယ် အမှတ်(၆)မှ ဦးခင်မောင်လတ်၊ ရွှေပြည်သာမဲဆန္ဒနယ်မှ ဦးတင်မောင်ဦး၊ ဘူးသီးတောင်မဲဆန္ဒနယ်မှ ဦးရွှေမောင်၊ လသာမဲဆန္ဒနယ်မှ ဦးကြည်မြင့်၊ မန္တလေးတိုင်းဒေသကြီးမဲဆန္ဒနယ် အမှတ်(၅)မှ ဦးဇော်မြင့်ဖေ၊ ချင်းပြည်နယ်မဲဆန္ဒနယ် အမှတ်(၂)မှ ဦးဇုန်လှယ်ထန်းနှင့် အုတ်တွင်းမဲဆန္ဒနယ်မှ ဦးညီညီမြင့်တို့က သက်ဆိုင်ရာကဏ္ဍအလိုက် ဆက်လက်ဆွေးနွေးခဲ့ကြကြောင်း သိရှိရသည်။

ယနေ့အစည်းအဝေးကို ညနေ ၄ နာရီတွင် ရပ်နားပြီး အစည်းအဝေး ဒသမနေ့ကို ဖေဖော်ဝါရီ ၁၃ ရက် နံနက် ၁၀ နာရီတွင် ကျင်းပမည်ဖြစ်သည်။

(သတင်းစဉ်)

ဂျပန်နိုင်ငံလေ့လာရေးခရီးစဉ်ဆိုင်ရာ ပြည်ပအတွေ့အကြုံရှင်းလင်းပွဲကျင်းပ ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ ဦးကျော်သူ အဖွင့်အမှာစကားပြောကြား

နေပြည်တော် ဖေဖော်ဝါရီ ၁၀

ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ စီမံကြီးကြပ်မှုနှင့် ဂျပန်နိုင်ငံ ဆာဆာကာဝါငြိမ်းချမ်းရေးဖောင်ဒေးရှင်း၏ ပါဝင်ပံ့ပိုးမှုဖြင့် နိုင်ငံ့ဝန်ထမ်းများ အရည်အသွေးတိုးတက်မြင့်မားရေး အလုပ်ရုံဆွေးနွေးပွဲ ၂၀၁၁ (နေပြည်တော်) တက်ရောက်ခဲ့သူကိုယ်စားလှယ်များထဲမှ ဇန်နဝါရီ ၁၅ ရက်မှ ၂၀ ရက်အထိ ဂျပန်နိုင်ငံသို့ လေ့လာရေးခရီးသွားရောက်ခဲ့သော ကိုယ်စားလှယ်များ၏ ပြည်ပအတွေ့အကြုံ ရှင်းလင်းသည့် အခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ ပြည်ထောင်စုရာထူးဝန်အဖွဲ့စုပေါင်းခန်းမ၌ ကျင်းပရာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ ဦးကျော်သူက အဖွင့်အမှာစကား ပြောကြားသည်။

အခမ်းအနားသို့ ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင်များဖြစ်ကြသော ဦးခင်မောင်အေး၊ ဒေါက်တာဝင်းမြင့်၊ ဒေါက်တာမြင့်အောင်၊ ဒေါက်တာကျော်ကျော်ငွေး၊ ဦးစိုးဦးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လေ့လာရေးခရီးသွားရောက်ခဲ့ကြသူများ တက်ရောက်ကြသည်။

ထို့နောက် လေ့လာရေးခရီးသွားရောက်ခဲ့ကြသူများကိုယ်စား ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင် ဦးစိုးဦး၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးမှ ညွှန်ကြားရေးမှူး ဦးအောင်ထူး၊ ကျန်းမာရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူး ဒေါက်တာနီလာတင်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ (ရုံးအဖွဲ့)မှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်စုစုအေးနှင့် ဝန်ထမ်းရေးရာဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်ခင်သီတာအေးတို့က လေ့လာရေးအတွေ့အကြုံများကို ရှင်းလင်းတင်ပြကြပြီး အခမ်းအနားသို့ တက်ရောက်လာကြသူများက သိရှိလိုသည်များကို ဆွေးနွေးမေးမြန်းခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ ဦးကျော်သူ နိုင်ငံ့ဝန်ထမ်းများ အရည်အသွေး တိုးတက်မြင့်မားရေး အလုပ်ရုံဆွေးနွေးပွဲ ၂၀၁၁ (နေပြည်တော်) တက်ရောက်ခဲ့သူ ကိုယ်စားလှယ်များထဲမှ ဂျပန်နိုင်ငံသို့ လေ့လာရေးခရီး သွားရောက်ခဲ့သော ကိုယ်စားလှယ်များ၏ ပြည်ပအတွေ့အကြုံ ရှင်းလင်းသည့် အခမ်းအနားတွင် အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်အား ကုလသမဂ္ဂ ဖွံ့ဖြိုးမှုအစီအစဉ်မှ ဧည့်သည်အဖွဲ့ လာရောက်တွေ့ဆုံ

နေပြည်တော် ဖေဖော်ဝါရီ ၁၀

မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးရဲမြင့်အား ကုလသမဂ္ဂ ဖွံ့ဖြိုးမှုအစီအစဉ်မှ ကုလသမဂ္ဂလက်ထောက်အထွေထွေ အတွင်းရေးမှူးချုပ် နယူးယောက် လက်ထောက်အုပ်ချုပ်ရေးမှူး Mr. Ajay Chhibber နှင့်အဖွဲ့သည် ဖေဖော်ဝါရီ ၉ ရက် မွန်းလွဲ ၂ နာရီတွင် မန္တလေးမြို့ရှိ တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။**(ယာပုံ)**

ထိုသို့ တွေ့ဆုံရာတွင် တိုင်းဒေသကြီး ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနဝန်ကြီး ဦးအောင်မောင်း၊ စီမံကိန်းနှင့် စီးပွားရေးဝန်ကြီးဌာနဝန်ကြီး ဦးအောင်ဇံနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ အတွင်းရေးမှူး ဦးအုန်းလွင်တို့ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်အကျဉ်း

၁၁-၂-၂၀၁၂ (စနေနေ့)

နံနက်ပိုင်း

၇း၀၀	၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော် -ယောဆရာတော် ဟောကြားတော်မူသော ဥပ္ပါတသန္တိပါဠိတော်
၈း၀၅	၂။ “သုတရောင်စုံပန်းခင်း”
၈း၁၀	၃။ ကဗျာပန်းဥယျာဉ်
၈း၂၀	၄။ သဘာဝပတ်ဝန်းကျင်နှင့် ကြွပ်ကြွပ်အိတ်
၈း၃၀	၅။ (၆၅)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုအစီအစဉ်
၈း၄၀	၆။ International News

နေ့လယ်ပိုင်း

၁း၂၀	၁။ “နှုတ်မြိန်ဖွယ်ရာ ချစ်ဟင်းလျာ”
၁း၃၅	၂။ နိုင်ငံခြားဇာတ်လမ်းတွဲ “ရဲစုံထောက် ဘတ်ဂျောင်ဂွန်း” (အပိုင်း-၄၈)
၂း၂၀	၃။ (၆၅)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုအစီအစဉ်
၂း၄၀	၄။ (၆၅)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုအစီအစဉ်
၂း၅၀	၅။ International News

ညပိုင်း

၄း၁၅	၁။ (၆၅)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုအစီအစဉ်
၄း၃၀	၂။ ၂၀၁၂ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအထောက်အကူပြု ဘာသာရပ်ဆိုင်ရာ သင်ခန်းစာ (သင်္ချာဘာသာရပ်)
၅း၀၅	၃။ လှပစုံလင်အာဆီယံတစ်ခွင်
၅း၁၅	၄။ (၆၅)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုအစီအစဉ်
၆း၂၀	၅။ “အနုပညာမိုးကောင်းကင်မှ ယဉ်ကျေးမှု ငွေကြယ်ပွင့်များ”(အပိုင်း-၂) (ပန်းချီကျော်သျှင်နောင်၊ သရုပ်ဆောင်-ချောအိပို)
၆း၄၀	၆။ နိုင်ငံခြားဇာတ်လမ်းတွဲ “အချစ်ချိုချိုကြင်နာပို” (အပိုင်း-၁၂)
၇း၄၀	၇။ “စီမံကိန်းထူးရောကူးပေါ်လွင် ဝင့်ကြွားညောင်တုန်းတံတား” (အပိုင်း-၂)
	၈။ ကာတွန်းအစီအစဉ် “တောတောင်ငယ်သိုင်း ညီနောင်လေးများ” (ဒုတိယတွဲ)(အပိုင်း-၉၀)
	၉။ နိုင်ငံခြားဇာတ်လမ်းတွဲ “ကြယ်ပွင့်လေးရဲ့ဒိုင်ယာရီ” (အပိုင်း-၁၃)
	၁၀။ ဂီတတံခါးလေးဖွင့်ပါဦး

ဇေယျာသီရိမြို့နယ် သက်နှင်းအင်းကျေးရွာ၌ ရောင်ခြည်ဦး ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်ဖွင့်လှစ်

နေပြည်တော် ဖေဖော်ဝါရီ ၁၀

(၆၅)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဇေယျာသီရိမြို့နယ် သက်နှင်းအင်းကျေးရွာ၌ နိုင်ငံတော်၏ ထောက်ပံ့ငွေကျပ် ၁၀ သိန်း၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း၏ လှူဒါန်းငွေကျပ် ငါးသိန်း၊ ဒေသခံပြည်သူများ၏ ထည့်ဝင်လှူဒါန်းငွေကျပ် ၁၇ သိန်းကျော်၊ မြေအလှူရှင် ဦးဝင်းဗိုလ်၏ လှူဒါန်းမှုတို့ဖြင့် ဆောက်လုပ်ခဲ့သော ၂၄ပေ×၁၄ပေအရွယ် သွပ်မိုး၊ အုတ်ကာ၊ အုတ်ခင်းအမျိုးအစား ငွေကျပ် ၃၂ သိန်းကျော်တန် ရောင်ခြည်ဦး ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက် ဖွင့်ပွဲအခမ်းအနားကို ယနေ့တွင် ကျင်းပရာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန (ရုံးချုပ်) ညွှန်ကြားရေးမှူး ဦးမြင့်ဆွေ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြတ်သိန်းထွန်းနှင့် ကျေးရွာအုပ်ချုပ်ရေးမှူး ဦးဝင်းဗိုလ်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး စာကြည့်တိုက်အတွက် သုတရသစာအုပ်စာစောင် ၂၀၀ ကျော်တို့ကို ပေးအပ်လှူဒါန်းခဲ့ကြသည်။

အဆိုပါစာကြည့်တိုက်တွင် သုတရသစာအုပ်စာစောင် ၇၀၀ ကျော်ကို သက်နှင်းအင်းကျေးရွာနှင့် ပတ်ဝန်းကျင်ရှိ အောင်ဇေယျ၊ သစ်တပ်၊ သစ်တပ်ကလေး၊ မွန်းတည့်ခွင်(တ)နှင့် မွန်းတည့်ခွင်(မ) ကျေးရွာတို့မှ ကျေးလက်ပြည်သူများ အသိပညာဗဟုသုတ လက်လှမ်းတမီ လေ့လာဖတ်ရှုနိုင်ကြပြီဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

(၆၅)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဇေယျာသီရိမြို့နယ် သက်နှင်းအင်းကျေးရွာ ရောင်ခြည်ဦး ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက် ဖွင့်ပွဲအခမ်းအနား ကျင်းပစဉ်။
(သတင်းစဉ်)

(၆၅)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြု ရေတာရှည်စည်ပင်မှ ကတ္တရာလမ်းသစ်ဖွင့်

ရေတာရှည် ဖေဖော်ဝါရီ ၁၀

(၆၅)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဖေဖော်ဝါရီ ၁ ရက်တွင် ရေတာရှည်မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ကျန်စစ်သား-အနော်ရထာပတ်လမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲကို အနော်ရထာလမ်းထိပ်မုခ်ဦး၌ ကျင်းပသည်။**(အပေါ်ပုံ)**

ကျန်စစ်သား-အနော်ရထာပတ်လမ်း ကတ္တရာလမ်းသစ်အား အဖွဲ့ရန်ပုံငွေကျပ် ၈၉ သိန်းဖြင့် အရှည်ပေ ၁၃၁၀ ခင်းပေးခဲ့ခြင်းဖြစ်သည်။

လမ်းဖွင့်ပွဲ၌ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ လက်ထောက်အင်ဂျင်နီယာ ဦးကျော်လင်းအောင်က လမ်းနှင့်ပတ်သက်သောအချက်အလက်များကို ရှင်းလင်းတင်ပြ၍ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြင့်သိန်းနှင့် မြို့နယ်စည်ပင်ဦးစီးအရာရှိ ဦးစိုးလွင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြပြီး ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နေပြည်သူအင်အား ၃၀၀ ကျော်ခန့် တက်ရောက်ကြသည်။

(ကြေးမုံ)

နှစ်နိုင်ငံဆက်ဆံရေးမြှင့်တင်ရန် တရုတ်နှင့် အိန္ဒိယတို့ ကတိကဝတ်ပြု

ပေကျင်း ဖေဖော်ဝါရီ ၁၀

မဖြေရှင်းနိုင်ခဲ့သည့် နယ်စပ်ပြဿနာများနှင့်ပတ်သက်၍ ၁၉၆၂ ခုနှစ်တွင် စစ်ပွဲတစ်ရပ်ဆင်နွှဲခဲ့သော တရုတ်နှင့် အိန္ဒိယနိုင်ငံတို့သည် နှစ်နိုင်ငံအကြား ဆက်ဆံရေးကို မြှင့်တင်ရေးအတွက် အသီးသီးကတိကဝတ်ပြုခဲ့ကြောင်း တရုတ်နိုင်ငံ ဆင်ဟွာသတင်းဌာနက ဖေဖော်ဝါရီ ၉ ရက်၌ ဖော်ပြသည်။

တရုတ်နိုင်ငံ ပေကျင်းမြို့ရှိ အိန္ဒိယသံရုံးသစ်ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်လာခဲ့သော အိန္ဒိယပြည်ပရေးရာဝန်ကြီး အက်စ်အမ်ခရစ္စနာ **(အပေါ်ပုံ)**၏ ခရီးစဉ်အတွင်း ဆင်ဟွာသတင်းဌာနက အထက်ပါအတိုင်း သတင်းထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။

သံရုံးအဆောက်အအုံသစ်ဖွင့်ပွဲသို့ တက်ရောက်ခဲ့သော အိန္ဒိယပြည်ပရေးရာဝန်ကြီး၏ တရုတ်ခရီးစဉ်သည် နှစ်နိုင်ငံအကြား ဆက်ဆံရေးအတွက်လည်း အရေးပါကြောင်း လေ့လာသူများ၏အဆိုကို ကိုးကား၍ ဆင်ဟွာသတင်းဌာနက ဖော်ပြခဲ့သည်။

တောင်အာရှဒေသ၏ နျူကလီးယားလက်နက်ပိုင်ရှင်

အင်အားကြီးနိုင်ငံများဖြစ်သော တရုတ်နှင့်အိန္ဒိယအကြား ဆက်ဆံရေးသည် အမြဲလိုလိုချွေးထွေးခဲ့ခြင်းမရှိသော်လည်း နောက်ပိုင်းကာလ၌ နှစ်နိုင်ငံအကြားဆက်ဆံရေးအား မြှင့်တင်နိုင်ရန် ယင်းနှစ်နိုင်ငံလုံးက ကြိုးစားလျက်ရှိသည်။

အိန္ဒိယနိုင်ငံသည် ၎င်း၏မဟာရန်ဘက်ပါကစ္စတန်နှင့် တရုတ်တို့အကြားဆက်ဆံရေး၊ တရုတ်နိုင်ငံ၏ စစ်ရေးစွမ်းပကား မြှင့်တင်တည်ဆောက်မှုနှင့် အိန္ဒိယသမုဒ္ဒရာဒေသအတွင်း တရုတ်ဩဇာလွှမ်းမိုးလာမှုတို့နှင့် စပ်လျဉ်း၍ စိုးရိမ်မကင်းဖြစ်လျက်ရှိသည်။

သံသယဖြင့်ရှုမြင်

အလားတူတရုတ်နိုင်ငံကလည်း အိန္ဒိယ၏ စစ်ရေးတည်ဆောက်မှု၊ အမေရိကန်ပြည်ထောင်စုနှင့် အိန္ဒိယတို့အကြား ဆက်ဆံရေးကို သံသယဖြင့် ရှုမြင်လျက်ရှိသည်။

သံရုံးသစ်ဖွင့်ပွဲခရီးစဉ်အတွင်း အိန္ဒိယပြည်ပရေးရာဝန်ကြီးသည် တရုတ်ကွန်မြူနစ်ပါတီ ပေါ်လစ်ဗျူရိုအဖွဲ့ဝင် ကျိုယောင်ကန်၊ နိုင်ငံခြားရေးဝန်ကြီး ယန်ကျဲချီတို့နှင့် တွေ့ဆုံခဲ့ပြီး သံရုံးအဆောက်အအုံသစ်ဖွင့်လှစ်နိုင်မှုသည် နှစ်နိုင်ငံ ဆက်ဆံရေးတိုးမြှင့်ရေးအတွက် မျှော်လင့်ချက်များအား ထင်ဟပ်နေကြောင်း ပြောကြားခဲ့သည်။

အခွင့်အလမ်းကောင်း

တရုတ်နှင့်အိန္ဒိယတို့သည် ကမ္ဘာ့အကြီးဆုံးဖွံ့ဖြိုးဆဲနိုင်ငံများဖြစ်သည့် အားလျော်စွာ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေး၊ နိုင်ငံရေးအရ ယုံကြည်ချက်တည်ဆောက်ရေးနှင့် နယ်စပ်ပြဿနာများ အဖြေရှာရေးတို့အတွက် အခွင့်အလမ်းကောင်းများရှိနေကြောင်း တရုတ်ကွန်မြူနစ်ပါတီ ပေါ်လစ်ဗျူရိုအဖွဲ့ဝင် ကျိုယောင်ကန်ကလည်း ပြောကြားခဲ့သည်။ ***အင်တာနက်။***

အမေရိကန်ပြည်ထောင်စု ဂျော်ဂျီယာပြည်နယ်၌ တည်ဆောက်ထားသည့် နျူကလီးယားစွမ်းအင်သုံး လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးစက်ရုံတစ်ရုံကို တွေ့ရစဉ်။

ဆယ်စုနှစ်များအတွင်း ပထမဆုံးအကြိမ်အဖြစ် နျူဓာတ်ပေါင်းဖိုများ အမေရိကန်၌ တည်ဆောက်မည်

ဝါရှင်တန် ဖေဖော်ဝါရီ ၁၀

အမေရိကန်နိုင်ငံ၌ ဆယ်စုနှစ်များအတွင်း ပထမဆုံးအကြိမ် နျူကလီးယားလျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးဓာတ်ပေါင်းဖိုသစ်တည်ဆောက်ရန် ခွင့်ပြုပေးလိုက်ကြောင်း သတင်းဌာနများက ဖေဖော်ဝါရီ ၁၀ ရက်တွင် သတင်းထုတ်ပြန်သည်။

အမေရိကန်နိုင်ငံ ဂျော်ဂျီယာပြည်နယ် ဗောက်တယ်လ်မြို့၌ လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ် ၁၁၀၀ ထုတ်လုပ်နိုင်သော ဓာတ်ပေါင်းဖိုနှစ်လုံး တည်ဆောက်ရန် နျူကလီးယားဥပဒေစည်းမျဉ်းများ ထိန်းသိမ်းရေးကော်မရှင်က ထောက်ခံမဲလေးမဲ၊ ကန့်ကွက်မဲတစ်မဲဖြင့် အတည်ပြုပေးခဲ့သည်။

ယင်းဓာတ်ပေါင်းဖိုများကို တောင်ပိုင်းကုမ္ပဏီအမည်ရှိ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးကုမ္ပဏီ၏ နျူကလီးယားစက်ရုံတွင် တပ်ဆင်မည်ဖြစ်သည်။

တောင်ပိုင်းကုမ္ပဏီသည် နျူကလီးယားစက်ရုံသစ် တည်ဆောက်နိုင်ရန် လျှောက်ထားခဲ့ပြီးနောက် ခုနစ်နှစ်အကြာတွင် ခွင့်ပြုချက်ရရှိခြင်းဖြစ်သည်။ ယင်းစက်ရုံသစ်တည်ဆောက်ရေး စီမံကိန်းအတွက် ဒေါ်လာ ၁၄ဘီလီယံကျခံသုံးစွဲမည်ဖြစ်သည်။ ***အင်တာနက်။***

ဖောက်ကလန်ကျွန်း အငြင်းပွားမှုပြဿနာ ကုလသမဂ္ဂထံ အာဂျင်တီးနားတိုင်တန်းမည်

ဗျူနိုအေးရိစ် ဖေဖော်ဝါရီ ၁၀

ဖောက်ကလန်ကျွန်းအပေါ် အချုပ်အခြာအာဏာပိုင်စိုးရေးဆိုင်ရာ အငြင်းပွားမှုနှင့်ပတ်သက်၍ စစ်အင်အားဖြင့် ခြိမ်းခြောက်လိုသော ဗြိတိန်နိုင်ငံ၏လုပ်ဆောင်ချက်ကို အာဂျင်တီးနားနိုင်ငံက ကုလသမဂ္ဂထံ ဖေဖော်ဝါရီ ၁၀ ရက်တွင် တရားဝင် ကန့်ကွက်မည်ဖြစ်ကြောင်း တာဝန်ရှိသူများက ပြောကြားကြသည်။

ဖောက်ကလန်ကျွန်း အငြင်းပွားမှုအား ဖြေရှင်းရေးဆိုင်ရာ ကုလသမဂ္ဂ၏ ဆုံးဖြတ်ချက်ပေါင်း ၄၀ခန့်ကို ဗြိတိန်နိုင်ငံက ချိုးဖောက်လျက်ရှိသည်ဟု အာဂျင်တီးနားနိုင်ငံခြားရေးဝန်ကြီးဌာန တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

အာဂျင်တီးနားနိုင်ငံခြားရေးဝန်ကြီး ဟက်တာတီမာမန်းသည် ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ လက်ရှိဥက္ကဋ္ဌ တိုဂိုသံအမတ်ကြီး ကိုဂျိုမီနန်ထံသို့ အဆိုပါကန့်ကွက်လွှာကို ပေးအပ်မည်ဖြစ်သည်။ ဖောက်ကလန်စစ်ပွဲဖြစ်ပွားခဲ့မှု နှစ် ၃၀ပြည့်နှစ်ပတ်လည်နေ့သည် ဧပြီ ၂ ရက်တွင် ကျရောက်ရန် နီးကပ်လာချိန်တွင် အာဂျင်တီးနားနှင့် ဗြိတိန်နိုင်ငံအကြား တင်းမာမှုများ ပေါ်ထွက်လာသည်။

ဗြိတိန်နိုင်ငံသည် ကုလသမဂ္ဂလုံခြုံရေးကောင်စီ၌ အမြဲတမ်း အဖွဲ့ဝင်နိုင်ငံဖြစ်သဖြင့် ဖောက်ကလန်ကျွန်းပြဿနာနှင့်ပတ်သက်၍ ဆုံးဖြတ်ချက်တစ်ရပ်ရပ် ချမှတ်ရန် ကြိုးပမ်းချက်ကို ဗီတိုအာဏာဖြင့် ပယ်ချနိုင်ကြောင်း သတင်းတွင် ဖော်ပြသည်။ ***အင်တာနက်။***

ထိပ်တန်းအကြမ်းဖက်သမားသုံးဦး ဖိလစ်ပိုင်စစ်ဘက်က အသေဖမ်းဆီးရမိ

မနီလာ ဖေဖော်ဝါရီ ၁၀

အရှေ့တောင်အာရှဒေသ၏ ထိပ်တန်းအကြမ်းဖက်သမားသုံးဦးအဖြစ် မသင်္ကာသူများအား ဖိလစ်ပိုင်အစိုးရတပ်ဖွဲ့က အသေဖမ်းဆီးရမိခဲ့ကြောင်း၊ ယင်းစစ်သွေးကြွများမှာ မည်သူမည်ဝါဖြစ်သည်ကို အတည်ပြုပေးနိုင်ရန် မလေးရှားနိုင်ငံက မှုခင်းဆေးပညာရှင်များကို စေလွှတ်ပေးမည်ဖြစ်ကြောင်း ဖိလစ်ပိုင်စစ်ဘက်က ဖေဖော်ဝါရီ ၁၀ရက်တွင် ပြောကြားသည်။

ဖိလစ်ပိုင်တပ်ဖွဲ့သည် အမေရိကန်က ကျောထောက်နောက်ခံပြုပေးသော လေကြောင်းတိုက်ခိုက်မှုတစ်ရပ်ကို ဖေဖော်ဝါရီ ၂ရက်က ပြုလုပ်ခဲ့ကြောင်း၊ ယင်းဖြစ်စဉ်တွင် အယ်လ်ခိုင်ဒါအဖွဲ့နှင့်ဆက်နွယ်မှုရှိသော အဘူဆေယက်ဖ်အဖွဲ့နှင့် ဂျမားအစ္စလမ်မီးယားအဖွဲ့တို့မှ ထိပ်တန်းခေါင်းဆောင်သုံးဦးနှင့် ၎င်းတို့၏လက်ထောက် ၁၂ ဦး သေဆုံးခဲ့ရကြောင်း ဖိလစ်ပိုင်စစ်ဘက်က ပြောကြားသည်။

အင်တာနက်။

ဖေဖော်ဝါရီ ၁၀ ရက်က အင်ဒိုနီးရှားနိုင်ငံ ဆူလာဝေစီပြည်နယ်ရှိ လိုကွန်မီးတောင် ပေါက်ကွဲမှုအား တွေ့မြင်ရစဉ်။

အင်ဒိုနီးရှားနိုင်ငံ ဆူလာဝေစီပြည်နယ်၌ လိုကွန်မီးတောင်ပေါက်ကွဲ

ဂျကာတာ ဖေဖော်ဝါရီ ၁၀

အင်ဒိုနီးရှားနိုင်ငံ ဆူလာဝေစီမြောက်ပိုင်းပြည်နယ်ရှိ လိုကွန်မီးတောင်သည် ဖေဖော်ဝါရီ ၁၀ ရက် ဒေသစံတော်ချိန် ၈ နာရီ မိနစ်၂၀က ပေါက်ကွဲခဲ့ကြောင်း မီးတောင်နှင့် ဘူမိဗေဒလေ့လာရေးဌာနက သတင်းကြေညာချက်ထုတ်ပြန်သည်။

မီးတောင်ပေါက်ကွဲစဉ် တော်လည်းသံပေါ်ထွက်ခဲ့ပြီး မီးတောင်ပြာမှုန်များကို အမြင့်မီတာ ၂၀၀၀ အထိ မှုတ်ထုတ်ခဲ့ကြောင်း သတင်းကြေညာချက်တွင် ပြောကြားသည်။

သတိပေးထား

မီးတောင်ထိပ်ဝအောက်ဘက် ၂ ဒသမ ၅ ကီလိုမီတာ အကွာအဝေးအတွင်းသို့ ဝင်ရောက်ခြင်းမပြုကြရန် မီးတောင်နှင့် ဘူမိဗေဒလေ့လာရေးဌာနက ပြည်သူလူထုကို သတိပေးထားသည်။

လိုကွန်မီးတောင် ထပ်မံလှုပ်ရှားနိုင်သေးသဖြင့် ဒေသခံပြည်သူများ သတိဝီရိယဖြင့်နေထိုင်ကြရန် အမျိုးသားသဘာဝဘေးအန္တရာယ် စီမံခန့်ခွဲရေးအဖွဲ့က ပြောကြားသည်။ ***ဆင်ဟွာ။***

ဒစ်ဂျစ်တယ်စနစ်သုံး ကျောင်းသုံးဖတ်စာအုပ်များ တောင်ကိုရီးယား၌ ပြဋ္ဌာန်းရန် စီစဉ်လျက်ရှိ

ဆိုးလ် ဖေဖော်ဝါရီ ၁၀

တောင်ကိုရီးယားနိုင်ငံ၏ ပညာရေးစနစ်၌အရေးပါသော ပြုပြင်ပြောင်းလဲရေး လုပ်ဆောင်မှုအဖြစ် ၂၀၁၅ ခုနှစ်ထက် နောက်မကျဘဲ ဒစ်ဂျစ်တယ်စနစ်သုံး ကျောင်းသုံးဖတ်စာအုပ်များကို ပြဋ္ဌာန်းသွားမည်ဖြစ်ကြောင်း တာဝန်ရှိသူတစ်ဦးက ဖေဖော်ဝါရီ ၁၀ ရက်တွင် ပြောကြားသည်။

ဆောင်ရွက်လျက်ရှိ

အရှေ့အာရှဒေသ၌ ခေတ်မီတိုးတက်သည့် နိုင်ငံတစ်နိုင်ငံအဖြစ် ရပ်တည်နေသော တောင်ကိုရီးယားနိုင်ငံ၌ ပြည်သူပိုင်စာသင်ကျောင်းများတွင် ဒစ်ဂျစ်တယ်စနစ်သုံး ကျောင်းသုံးဖတ်စာအုပ်များနှင့် တက်ဘလက်ကွန်ပျူတာများကဲ့သို့သော မိုဘိုင်းအီလက်ထရွန်နစ်ကိရိယာများကို ကျောင်းသူ ကျောင်းသားများ အသုံးပြုနိုင်ရန် အစီအစဉ်တစ်ရပ် ရေးဆွဲဆောင်ရွက်လျက်ရှိကြောင်း တောင်ကိုရီးယား ပညာရေးဝန်ကြီးဌာန၏ အင်တာနက်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

ကျခံသုံးစွဲမည်

တောင်ကိုရီးယားအစိုးရအဖွဲ့သည် ဒစ်ဂျစ်တယ်နည်းပညာဖြင့် လေ့လာသင်ယူနိုင်မည့် ပညာရေးစနစ်သို့ ကူးပြောင်းနိုင်ရန် ဒေါ်လာ ၂ ဒသမ ၄ ဘီလီယံခန့် ကျခံသုံးစွဲရမည်ဟု ခန့်မှန်းထားသည်။

ဒစ်ဂျစ်တယ်နည်းပညာသုံး အထောက်အကူပြု ကိရိယာပစ္စည်းများဖြင့် လေ့လာသင်ယူနိုင်ရေးစီမံကိန်းကို အကောင်အထည်ဖော်ခြင်းဖြင့် မသန်စွမ်းသည့်ကလေးများပင်လျှင် ပညာဆည်းပူးနိုင်ခွင့် ရရှိလာမည်ဖြစ်ကြောင်း သတင်းတွင်ဖော်ပြသည်။

အင်တာနက်။

ပြည်ထောင်စုဝန်ကြီး ဦးသိန်းထွန်း ပခုက္ကူခရိုင် မြိုင်မြို့နယ်၌ ပညာရေး၊ ကျန်းမာရေးလုပ်ငန်းများဆောင်ရွက်

နေပြည်တော် ဖေဖော်ဝါရီ ၁၀

ယခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် အောင်ချက်မြင့်မားစေရန်နှင့် အရည်အသွေးမြင့်မားစွာ အောင်မြင်ကြစေရန်အတွက် တက္ကသိုလ်ဝင်တန်းဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူများအနေဖြင့် ဖြေဆိုရမည့် ဘာသာရပ်အားလုံးကို ကျေညက်စွာ လေ့လာထားကြရန်နှင့် ယခုမှစ၍ ဘာသာရပ်အလိုက် ရက်/အချိန်ခွဲ၍သင်ခန်းစာများ မကျန်အောင်လေ့လာသွားကြရန်၊ စာမေးပွဲဖြေဆိုရမည့်ရက် လွန်စွာနီးကပ်နေပြီဖြစ်၍ အရည်အသွေးမြင့်မားစွာ အောင်ရမည်ဆိုသည့် စိတ်ဖြင့် သင်ခန်းစာတွင်သာ စိတ်မြှုပ်နှံ၍ ကြိုးစားသွားကြ စေလိုကြောင်းဖြင့် ဖေဖော်ဝါရီ ၇ ရက်တွင် မြိုင်မြို့ အထက်တန်းကျောင်းနှင့် ဘုန်းကြီးကံကျေးရွာ၊ မကျည်းကန်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)တို့ရှိ တက္ကသိုလ်ဝင်တန်းဖြေဆိုမည့် ကျောင်းသား ကျောင်းသူများအား ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထွန်းက တွေ့ဆုံဆွေးနွေး မှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် မကွေးတိုင်းဒေသကြီး မြိုင်မြို့ အမှတ်(၁)ရပ်ကွက် အခြေခံပညာအလယ်တန်းကျောင်းအား အခြေခံပညာအထက်တန်းကျောင်း(ခွဲ)အဖြစ် ပညာရေးဝန်ကြီးဌာနက တိုးမြှင့်ဖွင့်လှစ်ပေးသည့် အခမ်းအနားသို့ တက်ရောက်သည်။

ပြည်ထောင်စုဝန်ကြီးသည် မွန်းလွဲပိုင်းတွင် မြိုင်မြို့နယ် ပြည်သူ့ဆေးရုံအတွက် အထူးလိုအပ်လျက်ရှိသော အောက်ဆီဂျင်စက်နှင့် လျှပ်စစ်မီးစက်တို့ကို ကုမ္ပဏီများမှ လှူဒါန်းခြင်း၊ ခွဲစိတ်ခန်းကို နောင်တုံကုမ္ပဏီမှ ပြုပြင်ပေးခြင်း အခမ်းအနားသို့ တက်ရောက်ပြီး ဆေးရုံတက်ရောက်နေသော လူနာများအား ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထွန်း မြိုင်မြို့ အထက်တန်းကျောင်း၌ တက္ကသိုလ်ဝင်တန်း ဖြေဆိုမည့် ကျောင်းသား ကျောင်းသူများအား ဆွေးနွေးမှာကြားစဉ်။

(သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် အီရန်အစ္စလာမ်မစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးထံ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့

နေပြည်တော် ဖေဖော်ဝါရီ ၁၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်သည် ဖေဖော်ဝါရီ ၁၁ ရက်တွင် ကျရောက်သော အီရန်အစ္စလာမ်မစ်သမ္မတနိုင်ငံ၏ အမျိုးသားနေ့၌ အီရန်အစ္စလာမ်မစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ အလီ အက်ဘာ ဘာလီဟီ ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၁၁-၂-၂၀၁၂ (စနေနေ့)

၇း၃၀	အေးချမ်းသာယာပြည်မြန်မာ (စိတ်ကြိုက်မြန်မာစာ)
၁၁း၂၅	ကာတွန်းအစီအစဉ် - ကြောင်ကလေးအော်ဂီနှင့် ပိုးဟပ်ရုပ်ကလေးများ (အပိုင်း-၂၉)
၁၂း၀၀	**မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင် “ဆူးနှစ်အချစ်” (မြင့်မြတ်၊ ခိုင်သင်းကြည်၊ နန္ဒာလှိုင်နှင့်သရုပ်ဆောင်များ) (ဒါရိုက်တာ-ဇော်မျိုး)**
၂း၀၀	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ဖြူစင်သောနှလုံးသား (အပိုင်း-၅၈)**
၄း၁၅	ကုန်သွယ်သုတ
၄း၄၀	ဖိတ်ခေါ်ပါသည် မောမြေဆီ
၅း၀၀	၂၀၁၂ တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြုသင်ခန်းစာ (စိတ်ကြိုက်မြန်မာစာ)
၅း၃၀	ပျော်ရွှင်စရာသရုပ်ဆောင်ကမ္ဘာ
၆း၂၀	စားဖို့ဆောင်ချစ်သူ
၆း၄၀	ထူးခြားဆန်းပြားကမ္ဘာတစ်လွှား
၇း၀၀	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ကွန်ဖူးဘုရင်ဘရုစ်လီ (အပိုင်း-၄)** လူ့ရွှင်တော်စတား ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင် **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ငှက်ကလေးရဲ့ကွန်းခိုရာ (အပိုင်း-၉)** **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -အိမ်အပြန်လမ်း (အပိုင်း-၁၂၀)** **(ဇာတ်သိမ်း)**

အားကစား၊ ယဉ်ကျေးမှုနှင့် ပြည်သူ့ဆက်ဆံရေးဖွံ့ဖြိုးတိုးတက်မှုကော်မတီဥက္ကဋ္ဌ သူရဦးအေးမြင့်အား ထိုင်းနိုင်ငံအောက်လွှတ်တော် နိုင်ငံရေး၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးကော်မတီဥက္ကဋ္ဌ လာရောက်တွေ့ဆုံ

နေပြည်တော် ဖေဖော်ဝါရီ ၁၀

အားကစား၊ ယဉ်ကျေးမှုနှင့် ပြည်သူ့ဆက်ဆံရေးဖွံ့ဖြိုးတိုးတက်မှုကော်မတီဥက္ကဋ္ဌ သူရဦးအေးမြင့်အား ထိုင်းနိုင်ငံအောက်လွှတ်တော် နိုင်ငံရေး၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးကော်မတီဥက္ကဋ္ဌ Mrs. Rachadapom Kaewsanit ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ လွှတ်တော်ကော်မတီ အဆောင်အမှတ်(၁)၌ လာရောက်တွေ့ဆုံသည်။

တွေ့ဆုံပွဲသို့ အားကစား၊ ယဉ်ကျေးမှုနှင့် ပြည်သူ့ဆက်ဆံရေးဖွံ့ဖြိုးတိုးတက်မှုကော်မတီအတွင်းရေးမှူး၊ အဖွဲ့ဝင်များနှင့် လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံရာတွင် ကော်မတီဥက္ကဋ္ဌ သူရဦးအေးမြင့်က မြန်မာနိုင်ငံ၏ ဒီမိုကရေစီစနစ်ဖော်ဆောင်နေမှုနှင့် ပြုပြင်ပြောင်းလဲမှုများဆောင်ရွက်နေမှုတို့ကို ရှင်းလင်းပြောကြားပြီး ကော်မတီအချင်းချင်း လွှတ်တော်ဆိုင်ရာ ကိစ္စရပ်များ ပူးပေါင်းဆောင်ရွက်ရေးတို့နှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

တွေ့ဆုံပွဲအပြီးတွင် ဧည့်သည်တော် ထိုင်းနိုင်ငံအောက်လွှတ်တော် ကော်မတီဥက္ကဋ္ဌ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် လွှတ်တော်အဆောက်အအုံများနှင့် ပြည်ထောင်စုလွှတ်တော် အစည်းအဝေး ကျင်းပနေမှုတို့ကို လှည့်လည်ကြည့်ရှုလေ့လာကြရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

(သတင်းစဉ်)

အားကစား၊ ယဉ်ကျေးမှုနှင့် ပြည်သူ့ဆက်ဆံရေးဖွံ့ဖြိုးတိုးတက်မှုကော်မတီဥက္ကဋ္ဌ သူရဦးအေးမြင့်အား ထိုင်းနိုင်ငံအောက်လွှတ်တော် နိုင်ငံရေး၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးကော်မတီဥက္ကဋ္ဌ Mrs. Rachadapom Kaewsanit ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ လာရောက်တွေ့ဆုံစဉ်။

(သတင်းစဉ်)

ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်စန္ဒာခင်အား တရုတ်နိုင်ငံသံရုံး ယဉ်ကျေးမှုသံမှူး လာရောက်တွေ့ဆုံ

နေပြည်တော် ဖေဖော်ဝါရီ ၁၀

ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်စန္ဒာခင်အား ရန်ကုန်မြို့ရှိ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးမှ ယဉ်ကျေးမှုသံမှူး Mr. Gao Hua သည် ယနေ့မွန်းလွဲ ၁ နာရီတွင်အဆိုပါ ဝန်ကြီးရုံး၌ လာရောက်တွေ့ဆုံ၍**(ဓဲပုံ)**မြန်မာနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့အကြား ယဉ်ကျေးမှုပူးပေါင်းဖလှယ်တိုးမြှင့်ဆောင်ရွက်ရေးကိစ္စများနှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

အဆိုပါ တွေ့ဆုံပွဲသို့ အနုပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရန်နိုင်ဦး၊ ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဦးလွင်၊ သမိုင်းသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါ်နန္ဒာမွန်းနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။ (သတင်းစဉ်)

မြန်မာ့ရိုးရာ နန်းတွင်းရာမဇာတ်တော်ကြီး (၂၂၂)နှစ်ပြည့် အထိမ်းအမှတ်စာတမ်းဖတ်ပွဲ ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၀

မြန်မာ့ရိုးရာ နန်းတွင်းရာမဇာတ်တော်ကြီး (၂၂၂)နှစ်ပြည့် အထိမ်းအမှတ် စာတမ်းဖတ်ပွဲကို ဖေဖော်ဝါရီ ၁၄ ရက် (အင်္ဂါနေ့) မွန်းတည့် ၁၂ နာရီတွင် ရန်ကုန်မြို့ ကုန်သည်လမ်းနှင့် (၃၇)လမ်းထောင့် အမှတ်(၅၂၉) စာပေဗိမာန် တတိယထပ်ရှိ မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ အစည်းအဝေးခန်းမ၌ ကျင်းပမည်ဖြစ်သည်။

စာတမ်းဖတ်ပွဲတွင် မောင်ခင်မင် (ဓနုဖြူ)က “မြန်မာရာမဇာတ်စာပေများ၏ သွင်ပြင်နှင့် အရင်းခံရာ” စာတမ်း၊ ချစ်ဦးညိုက“ရာမာယဏသို့ ချဉ်းကပ်ဖွင့်ဆိုမှု အသစ်(သို့မဟုတ်)အာဆီယံရာမ”စာတမ်း၊ သီရိရာမ ဦးခင်ရွှေ(အဏ္ဏဝါ)က “မြန်မာရာမဇာတ်အကအဖွဲ့များ၏ စီးဆင်းမှု” စာတမ်း၊ ဦးရဲအောင်(လူမှုထူးချွန်တတိယဆင့် ရန်ကုန်တိုင်းဒေသကြီး အနောက်ပိုင်းခရိုင် သာသနနုဂ္ဂဟအဖွဲ့ ဥက္ကဋ္ဌ)က “ငါးရာ့ငါးဆယ်နိပါတ်တော်လာ ရာမဇာတ်တော်ကြီး” စာတမ်းနှင့် ဖျာပုံရာမအဖွဲ့ဝင်တစ်ဦးက “ဖျာပုံနန်းတွင်း မြန်မာရာမာယဏဇာတ်တော်ကြီး သမိုင်းကြောင်း” စာတမ်းတို့ကို ဖတ်ကြားကြမည်ဖြစ်ရာ ရာမဇာတ်တော်ကြီးကို စိတ်ဝင်စားသူ မည်သူမဆို တက်ရောက်နိုင်ကြောင်း စာတမ်းဖတ်ပွဲဖြစ်မြောက်ရေးကော်မတီ တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

(ရီရီမြင့်-သတင်းစဉ်)

ရန်ကုန်မြို့ လှိုင်သာယာမြို့နယ်နေ ဒေါ်စင်သီတာ၏ (၆၉)နှစ်မြောက် မွေးနေ့အလှူအဖြစ် ဇီဝိတဒါနသံဃာ့ဆေးရုံကြီး(ရန်ကုန်)တွင် ဆောက်လုပ်နေသော သံဃာဆေးကုသဆောင်သစ်ကြီးအတွက် မတည်အလှူငွေကျပ် ခုနစ်သိန်းလှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ အကျိုးဆောင်စာရင်းစစ် ဦးအေးမောင်သန်း လက်ခံစဉ်။

(ဇီဝိတဒါနသံဃာ့ဆေးရုံ)

ပြည် ထောင် စု ဖွား တိုင်း ရင်း သား တား ဆီး ကာ ကွယ် မီး ရန် စွယ်

ပြည်ထောင်စုဝန်ကြီး ဦးခင်ရီအား UNFPA ဌာနချုပ်မှ ညွှန်ကြားရေးမှူးနှင့်အဖွဲ့ လာရောက်တွေ့ဆုံ

နေပြည်တော် ဖေဖော်ဝါရီ ၁၀

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်ရီအား အမေရိကန်နိုင်ငံ နယူးယောက်မြို့ အခြေစိုက် ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့ (UNFPA) ဌာနချုပ်မှ ညွှန်ကြားရေးမှူး Mr. Werner Haug၊ ကုလသမဂ္ဂစာရင်းအင်းဗေဒဌာနမှ ညွှန်ကြားရေးမှူး Mr. Paul Cheung၊ ရန်ကုန်မြို့ရှိ ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့ (UNFPA)မှ ဌာနေကိုယ်စားလှယ် Mr.Mohamed Abdel-Ahad နှင့်အဖွဲ့သည် ဖေဖော်ဝါရီ ၈ ရက် နံနက် ၉ နာရီခွဲတွင် အဆိုပါ ဝန်ကြီးရုံး၌ လာရောက်တွေ့ဆုံသည်။**(ယာပုံ)**

ယင်းသို့တွေ့ဆုံရာတွင် ပြည်ထောင်စုဝန်ကြီးက ၂၀၁၂ ခုနှစ်အတွင်း ပြည်တွင်းပြောင်းရွှေ့ သွားလာမှုစစ်တမ်းကောက်ယူမည့် အခြေအနေနှင့် ၂၀၁၄ ခုနှစ်တွင် ပြည်လုံးကျွတ်သန်းခေါင်စာရင်းကောက်ယူမည့် အခြေအနေများနှင့် ပတ်သက်၍ အနာဂတ်တွင် ဆောင်ရွက်မည့် အစီအမံများ၊ လက်ရှိဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများ၊ သင်တန်းများဖွင့်လှစ်ပို့ချနေမှု၊ ဗဟိုသန်းခေါင်စာရင်းကော်မရှင်နှင့် ဗဟိုသန်းခေါင်စာရင်းကော်မတီဖွဲ့စည်းပြီးစီးမှု၊ တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာအလိုက် ပြည်လုံးကျွတ်သန်းခေါင်စာရင်းကော်မတီများ ဖွဲ့စည်းဆောင်ရွက်နေမှု၊ သန်းခေါင်စာရင်းကောက်ယူမည့် နည်းလမ်း၊ အခြေပြုဆောင်ရွက်မည့် ဥပဒေတို့ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် UNFPA မှ အဖွဲ့ဝင်များက လုပ်ငန်းစီမံချက်များနှင့် ပတ်သက်၍ သိရှိလိုသည်များကို အသေးစိတ်မေးမြန်းဆွေးနွေးကြရာ ပြည်ထောင်စုဝန်ကြီးက ပြန်လည်ရှင်းလင်းဖြေကြားသည်။

ဆက်လက်၍ UNFPA မှ အဖွဲ့ဝင်များက နိုင်ငံတကာ အတွေ့အကြုံများအရ ပြည်လုံးကျွတ် သန်းခေါင်စာရင်းကောက်ယူရာတွင် ကြုံတွေ့လာနိုင်သည့် အခက်အခဲများ၊ ထည့်သွင်းတွက်ချက်သင့်သည့် အချက်အလက်များ၊ သင်တန်းနှင့် နည်းပညာဆိုင်ရာ အကူအညီပေးနိုင်မှုအခြေအနေများနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

UNFPA မှအဖွဲ့ဝင်များသည် နံနက် ၁၀ နာရီခွဲတွင် အဆိုပါဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ပြည်သူ့အင်အားဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဆောင်သော လုပ်ငန်းအဖွဲ့များနှင့် ထပ်မံတွေ့ဆုံကာ ပြည်လုံးကျွတ်သန်းခေါင်စာရင်းကောက်ယူရေးဆိုင်ရာ လုပ်ငန်းအခြေအနေများကို အသေးစိတ်ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရန်ကုန်တိုင်းဒေသကြီး(၆၅)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားကျင်းပရေး လုပ်ငန်းညှိနှိုင်းစည်းဝေး ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် တက်ရောက်အမှာစကားပြောကြား

ရန်ကုန် ဖေဖော်ဝါရီ ၁၀

Commercial Products It & Electronics Exhibition (2012) ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၉ ရက် နံနက် ၉ နာရီတွင် ဒဂုံမြို့နယ်ရှိ တပ်မတော်ခန်းမ၌ ကျင်းပရာ အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေ တက်ရောက်အားပေးပြီး ရန်ကုန်တိုင်းဒေသကြီး စီမံကိန်းနှင့် စီးပွားရေးဝန်ကြီးဌာနဝန်ကြီး ဦးသန်းမြင့်၊ Shine Group of Companies မန်နေဂျင်းဒါရိုက်တာ ဦးမျိုးကိုကိုနှင့် Logic Myanmar Co., Ltd. မန်နေဂျင်းဒါရိုက်တာ ဦးထင်အောင်ထွန်းတို့က Commercial Products It & Electronics Exhibition (2012) ပြပွဲကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြကာ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် ပြခန်းများကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

အဆိုပါ ပြပွဲကို ဖေဖော်ဝါရီ ၁၂ ရက်အထိ ပြသသွားမည်ဖြစ်ပြီး IT နှင့် လျှပ်စစ်ပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများအား ကုမ္ပဏီ ၅၀ က ဆိုင်ခန်းပေါင်း ၁၄၀ ဖြင့် ခင်းကျင်းပြသထားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသော ရန်ကုန်တိုင်းဒေသကြီး (၆၅)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားကျင်းပရေး နောက်ဆုံးအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးတွင် ၂၀၁၂ ခုနှစ် (၆၅)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ ရန်ကုန်မြို့တော်ဝန် တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဦးလှမြင့်နှင့် လုပ်ငန်းကော်မတီအလိုက် ဥက္ကဋ္ဌများက လုပ်ငန်းဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြဆွေးနွေးခဲ့ကြကြောင်းသတင်းရရှိသည်။

(သတင်းစဉ်)

ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေ ရန်ကုန်တိုင်းဒေသကြီး (၆၅)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနား ကျင်းပရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ် အကျဉ်း

၁၁-၂-၂၀၁၂ (စနေနေ့)

AM & PM

၅း၄၀	"အစုန်လမ်းနှင့် အဆန်လမ်း" တရားတော် (ဆရာတော်အရှင်အဂ္ဂသိရီ)
၆း၄၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "စိတ်၏စေရာ" (အပိုင်း-၁၁၂)**
၈း၀၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပန်းသုံးပွင့်လေညွှန်ရာ" (အပိုင်း-၆၅)**
၈း၅၀	The Shop Around The Corner (Part-20)
၉း၀၀	Fantastic Music Contest (Part-3)
၉း၃၅	Global Panorama (ကိုကိုလှိုင်၊ မျိုးမြတ်သူ)
၁၀း၂၅	အရွယ်မရွေးလှပစေမည့်. . . Ginger Beauty Land
၁၁း၄၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "တေးသွားဇကရီ" (အပိုင်း-၁၂)**
၃း၂၅	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "တေးသွားဇကရီ" (အပိုင်း-၁၃)**
၄း၀၀	MNL MYANMAR 2012 (Hantharwady Vs Ayeyarwady) (LIVE)
၆း၁၅	Movie Talk (ဒါရိုက်တာ-ကြည်စိုးထွန်း၊ လူကြမ်းမောင်လေး) (အပိုင်း-၁)
၆း၄၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "စိတ်၏စေရာ" (အပိုင်း-၁၁၃)**
၇း၃၀	Fashion Week (Euphoria) (Part-2)
၈း၃၀	သွားမယ်စားမယ် (ASAGIRI)
၈း၅၅	VJ Choice
၉း၂၅	Barclays Premier League (Sunderland Vs Arsenal)
၁၁း၅၅	Barclays Premier League (Spurs Vs Newcastle)
၁း၅၅	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပန်းသုံးပွင့်လေညွှန်ရာ" (အပိုင်း-၆၆)**
၂း၄၅	World of Knowledge
၃း၅၀	**အသံတိတ်အိပ်မက်ဆိုး** (မေသန်းနု၊ ချစ်သုဝေ၊ ဂျင်းနီ) [ဒါရိုက်တာ-အောင်မိုး(ပဲရစ်)]
၄း၂၅	ပတ္တမြားမြေသို့အလည်တစ်ခေါက်

Barclays Premier League ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၇း၁၀	Man U - Liverpool	(ESPN)
၉း၂၅	Everton - Chelsea	(ESPN)
၉း၂၅	Sunderland - Arsenal	(Star Sports) (MRTV-4)
၁၁း၅၅	Spurs - Newcastle	(ESPN) (MRTV-4)

***ပွဲစဉ်အပြောင်းအလဲရှိနိုင်ပါသည်။**

သတိပေးနှိုးဆော်ချက်

ရန်ကုန်တိုင်းဒေသကြီး ရန်ကုန်မြို့တော် စည်ပင်သာယာနယ်နိမိတ်အတွင်း စည်းကမ်းချိုးဖောက်သဖြင့် သိမ်းဆည်းခဲ့သည့် လိုင်စင်ရှိမော်တော်ဆိုင်ကယ်နှင့် လျှပ်စစ်စက်ဘီးများအား ပိုင်ဆိုင်မှုအထောက်အထားများပြသ၍ ဒဏ်ကြေးငွေကျပ် ၅၁၅၀၀ ပေးဆောင်ပြီး သက်ဆိုင်ရာ ရဲစခန်း/ယာဉ်ထိန်းနယ်မြေများတွင် ထုတ်ယူနိုင်ကြောင်းနှင့် ကန့်သတ်နယ်မြေအတွင်း စီးနင်းခွင့်မပြုကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ

နမ္မတူမြို့နယ် သစ်တောဦးစီးဌာန လူထုပညာပေးဟောပြောပွဲများကျင်းပ

နမ္မတူ ဖေဖော်ဝါရီ ၁၀

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲခရိုင် နမ္မတူမြို့နယ် သစ်တောဦးစီးဌာန ဦးစီးဌာနမှူး ဦးကျော်ဆန်းမိုးသည် မြို့နယ်သစ်တောဝန်ထမ်းများနှင့်အတူ ဖေဖော်ဝါရီ ၅ ရက် နံနက် ၉ နာရီတွင် မိုင်းတပ်ကျေးရွာအုပ်စု မိုင်းတပ်ကျေးရွာရှိ ဒေသခံပြည်သူများနှင့် တွေ့ဆုံပြီး တရားမဝင်သစ်ထုတ်လုပ်မှု လျှော့နည်းပပျောက်ရေး၊ ရွှေ့ပြောင်းတောင်ယာစနစ် ပပျောက်ရေး၊ ကျေးလက်နေပြည်သူများ ဆင်းရဲနွမ်းပါးမှု လျှော့ချရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောဥပဒေဆိုင်ရာကိစ္စရပ်များကို ပညာပေးဟောပြောဆွေးနွေးခဲ့သည်။

ဆက်လက်၍ မြို့နယ်သစ်တောဦးစီးဌာနမှူးနှင့်အဖွဲ့သည် ဖေဖော်ဝါရီ ၆ ရက် နံနက်ပိုင်းတွင် မိုင်းတပ်ကျေးရွာအုပ်စု မိုင်းဆင်ကျေးရွာ၌ လည်းကောင်း၊ မွန်းလွဲပိုင်းတွင် နမ့်ပါလေကျေးရွာ၌ လည်းကောင်း၊ ဖေဖော်ဝါရီ ၇ ရက်တွင် ကြူဆော့ကျေးရွာအုပ်စု ကြူဆော့ကျေးရွာ၌လည်းကောင်း ဒေသခံပြည်သူများနှင့်တွေ့ဆုံပြီး လူထုပညာပေးဟောပြောပွဲများ ကျင်းပခဲ့ကြောင်း သိရသည်။

(မြို့နယ်သစ်တောဦးစီးဌာန)

အထက(၅)နေပြည်တော်၏ ၂၀၁၁-၂၀၁၂ ပညာသင်နှစ် ပညာရည်ချွန်ဆုပေးပွဲအခမ်းအနားတွင် သူငယ်တန်းမှ ကျောင်းသား ကျောင်းသူများက "ဒို့ပြည်ထောင်စုသား"သီချင်းဖြင့် သရုပ်ဖော်ဖျော်ဖြေတင်ဆက်စဉ်။ (ကြေးမုံ)

✳ ကျောဖုံးမှ

ငါးမန်းဘေးအန္တရာယ်နှင့် တွေ့ကြုံရဖွယ်ရှိသည်။ ကမ္ဘာတစ်ဝန်း၌ လွန်ခဲ့သည့်နှစ်က ငါးမန်းသတ္တဝါ၏ ရန်မူတိုက်ခိုက်ခံရမှုကြောင့် လူပေါင်း ၇၅ ဦး သေဆုံးခဲ့ရသည်။ ငါးမန်းတိုက်ခိုက်မှုကြောင့် လူသေဆုံးရသည့် ဖြစ်ရပ်များ ပေါ်ပေါက်ခဲ့သော နိုင်ငံများစာရင်းတွင် အမေရိကန်၊ ဩစတြေးလျ၊ တောင်အာဖရိက၊ မက္ကဆီကို၊ ဘရာဇီး၊ ရုရှားနှင့် ဆေးရှဲလ်နိုင်ငံတို့ ပါဝင်ကြသည်။

ငါးမန်းဘေးအန္တရာယ်မှ ကာကွယ်ပေးမည့် ဝတ်စုံကို အမေရိကန်နိုင်ငံရှိ နက်ပကျူးနစ် တက္ကနော်လိုဂျီအမည်ရှိ ကုမ္ပဏီမှ နည်းပညာရှင်များက တီထွင်ထုတ်လုပ်ခဲ့ကြသည်။

ယင်းဝတ်စုံမှာ ပေါ့ပေါ့ပါးပါးဝတ်ဆင်နိုင်ပြီး ကမ္ဘာပေါ်တွင် ဘေးကင်းလုံခြုံမှု အရှိဆုံး ရေငုပ်ဝတ်စုံတစ်မျိုးဖြစ်ကြောင်း နက်ပကျူးနစ် တက္ကနော်လိုဂျီကုမ္ပဏီက ပြောကြားသည်။

ငါးမန်းသတ္တဝါများအနက် လူတို့ကို အန္တရာယ်အပေးနိုင်ဆုံး ငါးမန်းမျိုးဖြစ်သော ဂရိတ်ဝှိုက် (Great White) ငါးမန်းမျိုး၏ ရန်မူတိုက်ခိုက်မှုကို အဆိုပါဝတ်စုံက ကာကွယ်ပေးမည်ဖြစ်ကြောင်း ကုမ္ပဏီတာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

အင်တာနက်။

ဒုတိယဝန်ကြီး ဦးဘရွှေအား တရုတ်ယဉ်ကျေးမှုသံမှူးနှင့်အဖွဲ့ လာရောက်တွေ့ဆုံ

နေပြည်တော် ဖေဖော်ဝါရီ ၁၀

ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဘရွှေအား ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံး ယဉ်ကျေးမှုသံမှူး Mr. Gao Hua နှင့်အဖွဲ့သည် ယနေ့နံနက် ၉ နာရီတွင် အဆိုပါဝန်ကြီးရုံး၌ လာရောက်တွေ့ဆုံပြီး လက်ရှိ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်လျက်ရှိသည့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေးလုပ်ငန်းများကို အရှိန်အဟုန်တိုးမြှင့်ဆောင်ရွက်နိုင်ရန်နှင့် ဆက်လက်မြှင့်တင်ဆောင်ရွက်နိုင်မည့် ပညာရေးလုပ်ငန်းများကို ဆွေးနွေးညှိနှိုင်းကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဘိုဝင်းနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

တစ်ချက်တည်းကျင်းဝင်

ရန်ကုန် ဖေဖော်ဝါရီ ၁၀

ဦးရဲကြည်အောင်သည် ဇန်နဝါရီ ၁၇ ရက်တွင် ကစားဖော်များဖြစ်ကြသော ဦးကိုကိုအောင်၊ ဦးသန်းထိုက်အောင်၊ ဦးစန်းညွှန့်၊ ဦးမြင့်ဦး၊ ဦးဝင်းမောင်တို့နှင့်အတူ ရန်ကုန်ဂေါက်အသင်း(တညင်းကုန်း)၌ ဂေါက်သီးရိုက်ကစားစဉ် Titleist Pro V-1 No.3 ဘောလုံးကို Taylor Made Wood (5)တုတ်ဖြင့် ရိုက်လိုက်ရာ ကိုက် ၁၈၀ အကွာတွင်ရှိသော ကျင်းအမှတ်(၈) သို့ တစ်ချက်တည်းဖြင့်ကျင်းဝင်သွားကြောင်း သိရသည်။

အလားတူ ဦးအောင်သိန်းသည် ဇန်နဝါရီ ၂၂ ရက်တွင် ကစားဖော်များဖြစ်ကြသော ဦးမျိုးနိုင်၊ ဦးခင်ဝင်း၊ ဦးမျိုးအောင်တို့နှင့်အတူ ရန်ကုန်ဂေါက်ကွင်း(တညင်းကုန်း)၌ ဂေါက်သီးရိုက်ကစားစဉ် Srixon Soft Feel No. (2) ဘောလုံးအား Cleveland Iron (7) တုတ်ဖြင့် ရိုက်လိုက်ရာ ၁၄၅ ကိုက်အကွာတွင်ရှိသော ကျင်းအမှတ်(၄)သို့ တစ်ချက်တည်းဖြင့် ကျင်းဝင်သွားကြောင်း သိရသည်။ (ကြေးမုံ)

ဗလငါးတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့

ဧရာဝတီတိုင်းဒေသကြီး ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြု
ဧရာဝတီမြစ်ကူးတံတား(ဒေးဒရဲ)

- ✻ ဧရာဝတီမြစ်ကူးတံတား(ဒေးဒရဲ)သည် ရန်ကုန်တိုင်းဒေသကြီး ကွမ်းခြံကုန်းမြို့နယ်နှင့် ဧရာဝတီတိုင်းဒေသကြီး ဒေးဒရဲမြို့နယ်တို့ကို ဆက်စပ်ပေးနိုင်ရန် တည်ဆောက်ခဲ့သည့် ဧရာဝတီမြစ်ကူးတံတား ဖြစ်သည်။
- ✻ တိုးမြစ်ကို ဖြတ်ကျော်တည်ဆောက်မည့် ဒေးဒရဲတံတားစီမံကိန်းအား ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက တာဝန်ယူ၍ ၂၀၀၀ ပြည့်နှစ် ဇွန်လ ၁၀ ရက်နေ့တွင် တည်ဆောက်ရေးလုပ်ငန်းများ စတင်ခဲ့သည်။
- ✻ ဧရာဝတီမြစ်ကူးတံတား(ဒေးဒရဲ)ကို နိုင်ငံတော်အစိုးရက (၅၈) နှစ်မြောက် တပ်မတော်နေ့အား ဂုဏ်ပြုကြိုဆိုသောအားဖြင့် ၂၀၀၃ ခုနှစ် မတ်လ ၂၃ ရက်နေ့တွင် ဖွင့်လှစ်ပေးခဲ့သည်။
- ✻ စုစုပေါင်းတံတားအရှည် ပေ ၄၀၀၀ ကျော်ရှိသည့် ဧရာဝတီမြစ်ကူးတံတား(ဒေးဒရဲ)သည် ရန်ကုန်-ကွမ်းခြံကုန်း-ဒေးဒရဲ-ဖျာပုံ-ကျိုက်လတ်-မအူပင်-ရန်ကုန်လမ်းမကြီး၏ အစိတ်အပိုင်းတစ်ရပ် ဖြစ်သည်။
- ✻ ဧရာဝတီမြစ်ကူးတံတား(ဒေးဒရဲ)ကို တည်ဆောက်ဖွင့်လှစ်နိုင်ခဲ့ခြင်းဖြင့် ဖျာပုံ-ကျုံကဒွန်း-ဆိပ်မ-အမာလမ်းပိုင်း၊ ဖျာပုံ-ဘိုကလေးလမ်းပိုင်း၊ မအူပင်-ညောင်တုန်း-ပုသိမ်လမ်းပိုင်း၊ ညောင်တုန်း-ဟသ်ာတလမ်းပိုင်းနှင့် ညောင်တုန်း-သံတွဲလမ်းပိုင်းတို့အား အလွယ်တကူ ဆက်စပ်သွားလာနိုင်ပြီဖြစ်သည်။
- ✻ ယခု ဆက်သွယ်သွားလာနေပြီဖြစ်သော ဒေးဒရဲတံတားကြီး အပါအဝင် တံတားများ၊ လမ်းများ တည်ဆောက်ပေးခဲ့ခြင်းကြောင့် ဧရာဝတီတိုင်းဒေသကြီးအတွင်း တစ်မြို့နှင့် တစ်မြို့ ကူးသန်းသွားလာရာတွင် လည်းကောင်း၊ အခြားပြည်နယ်နှင့် တိုင်းဒေသကြီးများသို့ ဆက်သွယ်ရာတွင် လည်းကောင်း မော်တော်ကားလမ်းကို အသုံးပြု၍ အချိန်တိုအတွင်း လွယ်ကူသက်သာစွာ ဆက်သွယ်သွားလာနိုင်ပြီဖြစ်သည်။
- ✻ တံတားတည်ဆောက်ရေးကာလမှာ နှစ်နှစ်နှင့် ကိုးလကြာမြင့်ခဲ့ပြီး နိုင်ငံတော်၏ စီမံကိန်းဝင်တံတားကြီးဖြစ်သည်။

ဧရာဝတီမြစ်ကူးတံတား(ဒေးဒရဲ) အချက်အလက်များ

၁။ စုစုပေါင်းတံတားအရှည် ၄၀၈၈ ဒသမ ၃ ပေနှင့် အကျယ် ၂၈ ပေရှိသည်။

၂။ ယာဉ်သွားလမ်း ဘေးတစ်ဖက်တစ်ချက်၌ ခြောက်ပေအကျယ်ရှိ လူသွားလမ်းများပါရှိသည်။

၃။ ကြိုတင်အားဖြည့် သံကူကွန်ကရစ်အောက်ခံတိုင်များနှင့် အာရ်စီဒီ ဘိုးပိုင်စနစ်များ အသုံးပြုတည်ဆောက်ထားသည်။

၄။ သံမဏိသံပေါင်တံတားအမျိုးအစားဖြစ်၍ ယာဉ်တစ်စီးချင်း ခံနိုင်ဝန် တန် ၆၀ ဖြစ်သည်။

၅။ တံတားအောက် ရေလမ်းကင်းလွတ်နယ်မြေမှာ အမြင့် ၃၆ ပေနှင့် အကျယ် ပေ ၃၅၀ ရှိသည်။

သတင်းမှတ်တမ်း - မောင်ငြိမ်းအေး

(၆၅)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုဆောင်းပါး

ပြည်ထောင်စုစိတ်ဓာတ်အပြည့်ဖြင့်

ကျော်မျိုးနောင်



ကျွန်တော်တို့နိုင်ငံ လွတ်လပ်ရေးရခဲ့သည်မှာ နှစ်ပေါင်း ၆၀ ကျော်ခဲ့ပြီဖြစ်သည်။ တိတိကျကျဆိုရပါလျှင် ၆၄ နှစ်ပြည့်ခဲ့ပြီဖြစ်သည်။ လွတ်လပ်ရေးဟု ဆိုလိုက်သည်နှင့် ပြည်ထောင်စုနေ့၊ ပင်လုံစာချုပ်၊ အောင်ဆန်း-အက်တလီ စာချုပ်စသည်တို့သည် အတွေးအာရုံထဲ အစီအရီပေါ်လာမြဲဖြစ်သည်။

သူ့ကျွန်စဖြစ်ရချိန်မှစ၍ ကျွန်တော်တို့၏ အဘိုး၊ အဘေးများမရပ်မနား အသက်သွေး၊ ချွေးစတေး၍ လွတ်လပ်ရေးအတွက် တိုက်ပွဲဝင်ခဲ့ကြရသည်။ အခက်အခဲပေါင်းစုံနှင့် ကြုံခဲ့ရသည်။ မြန်မာ့မျိုးချစ်သူရဲကောင်း မြောက်မြားစွာ အသက်စတေးခဲ့ရသည်။ လွတ်လပ်ရေးအတွက်တိုက်ပွဲဝင်ခဲ့ကြရာတွင် ကချင်လည်းပါသည်။ ကယားလည်း အတူတကွ၊ ကရင်လည်း တစ်တပ်တစ်အား၊ ချင်းလည်း အားတက်သရော၊ ဗမာလည်း ထက်ကြပ်မကွာ၊ မွန်လည်းစိတ်ရောကိုယ်ပါ၊ ရခိုင်လည်း အားနှင့်မာန်နှင့်၊ ရှမ်းလည်း တက်ညီလက်ညီ ပါဝင်ခဲ့ကြသည်။ သူတို့သည် ပြည်ထောင်စုကြီးအဓွန့်ရှည်တည်တံ့ရေးအတွက် အမျိုးသားရေးအသိဖြင့် တိုက်ပွဲဝင်ခဲ့ကြခြင်းဖြစ်သည်။ ပြည်ထောင်စုစိတ်ဓာတ်ဖြင့် အသက်ပေးခဲ့ကြခြင်းဖြစ်သည်။ လွတ်လပ်ရေးသည် ဤသို့ဤနှယ် ခက်ခဲခဲ့သည်။

နိုင်ငံလွတ်လပ်ရေးအတွက် ခေတ်အဆက်ဆက်၊ နည်းလမ်းအဖုံဖုံဖြင့် တိုက်ပွဲဝင်ခဲ့ကြရာတွင် သေနတ်ကို ဓားနှင့်ယှဉ်၍ အသေခံတိုက်ပွဲဝင်ခဲ့ရသည်များရှိသကဲ့သို့ ရဲဘော်သုံးကျိပ်မှအစပြုသော ဘီအိုင်အေ၊ ဘီဒီအေ၊ ပီဘီအက်ဖ်စသည်တို့ ဖွဲ့စည်း၍သေနတ်ကိုသေနတ်ဖြင့် ရင်ဆိုင်တိုက်ပွဲဝင်ခြင်း၊ အနုနည်းဖြင့်ဆန္ဒပြခြင်း၊ လူထုအင်အားအသုံးပြုခြင်း၊ ဝံသာနုအသင်းကြီးများဖွဲ့စည်းပြီး မျိုးချစ်စိတ်ဓာတ် မြှင့်တင်လှုံ့ဆော်ခြင်း၊ လွတ်လပ်ရေးပေးရန် အတိအလင်းတောင်းဆိုခြင်း စသည်တို့လည်း ပါဝင်ခဲ့ပေသည်။ အဆိုပါ လွတ်လပ်ရေးအတွက် တိုက်ပွဲဝင်လှုပ်ရှားမှုများတွင် ဆိုခဲ့သကဲ့သို့ တိုင်းရင်းသားညီအစ်ကိုမောင်နှမများ အတူပါဝင်ခဲ့ကြသည်။ မည်သည့်တိုင်းရင်းသားမျှမကျန်ရစ်။ ဤသည်မှာ အမျိုးသားရေးအသိ၊ ပြည်ထောင်စုစိတ်ဓာတ်တို့ကို အရင်းခံထားခြင်းကြောင့်ပင် ဖြစ်သည်။

ပြည်ထောင်စုနိုင်ငံဟူသည် တစ်နိုင်ငံတည်းတွင် အတူနေကြသော တစ်ခုထက်မကသော တိုင်းရင်းသားလူမျိုးတို့ အတူနေထိုင်ကြသည့် နိုင်ငံကို ဆိုခြင်းဖြစ်သည်။ ကျွန်ုပ်တို့နိုင်ငံတွင် တိုင်းရင်းသားလူမျိုး ၁၀၀ ကျော် နေထိုင်သည်။ ယခုမှ အတူနေခြင်းလည်း မဟုတ်၊ သမိုင်းစဉ်နှင့်အတူ ဖြစ်သည်။ ထို့ကြောင့်ပင် ပြည်ထောင်စု မြန်မာနိုင်ငံဟူ၍ သတ်မှတ်ခေါ်တွင်ခဲ့သည်။ နေထိုင်ရာနေရာဒေသ၊ ပြောဆိုသည့် ဘာသာစကားသာကွဲ၍ ဓလေ့ထုံးတမ်းစဉ်လာများလည်း အတော်ဆင်တူသည်။ ကိုးကွယ်သည့် ဘာသာလည်း မကွဲပြားလှပေ။ တိုင်းတစ်ပါးက၊ လူမျိုးတစ်မျိုးမျိုးက နေရာဒေသတစ်ခုခုကို ထိပါးစော်ကားလျှင် ကျန်တိုင်းရင်းသားများက လက်ပိုက်ကြည့်မနေ။ ဝိုင်းဝန်းကူညီ တိုက်ထုတ်ပစ်ခဲ့ကြသည်ချည်းဖြစ်သည်။ ဟံသာဝတီပဲခူးကို ဂွျန်းတို့ ကျူးကျော်လျှင် ပုဂံကမနေ၊ ရခိုင်ကို ကုလားက ထိပါးလျှင်လည်း အင်းဝကမနေ၊ တစ်မြေတည်းနေ တစ်ရေတည်းသောက်သူများမို့ တစ်ဦးကိုတစ်ဦး သံယောဇဉ်ကြီးမားခဲ့သည်။ ပြည်ထောင်စုနိုင်ငံဟူသည့် အနက်အဓိပ္ပာယ်သည် ထိုကဲ့သို့ အတူနေထိုင်ကြပြီး တစ်ဦးကိုတစ်ဦး ချစ်ခင်ကြလျက် စည်းလုံးညီညွတ်နေမှသာလျှင် ပိုမိုပြည့်စုံပေသည်။ သူတစ်လူ ငါတစ်မင်း အချင်းချင်းစိတ်ဝမ်းကွဲနေက ပြည်ထောင်စု၏ အဓိပ္ပာယ်မပြည့်စုံပေ။

၂၀၁၁ ခုနှစ်၊ မတ်လ ၃၀ ရက်မှစ၍ ကျွန်တော်တို့နိုင်ငံသည် ယခင် ပြည်ထောင်စုမြန်မာနိုင်ငံမှပြည်ထောင်စုသမ္မတမြန်မာနိုင်ငံဖြစ်လာသည်။ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ရွေးကောက်တင်မြှောက်ခံရသော အစိုးရအဖွဲ့သစ် ပေါ်ပေါက်လာခြင်းဖြစ်သည်။ ဒီမိုကရေစီခေတ်စနစ်ဆီသို့ ခြေလှမ်းစတင်ခဲ့ခြင်းလည်းဖြစ်သည်။ နိုင်ငံတော်အစိုးရသည် စတင်တာဝန်ယူချိန်မှစ၍ နိုင်ငံတော်နှင့် နိုင်ငံသားတို့အတွက် အပေါင်းလက္ခဏာဆောင်သော လုပ်ဆောင်ချက်များကို တစ်ခုပြီးတစ်ခုဆောင်ရွက်ခဲ့သည်။ နိုင်ငံဖွံ့ဖြိုးဖို့အတွက် အဘက်ဘက်မှ စဉ်းစားဆောင်ရွက်ခဲ့သည်။

နိုင်ငံဖွံ့ဖြိုးအောင်ဆောင်ရွက်ရာတွင် ယခင်အစိုးရလက်ထက်အခြေတည်ခဲ့သော အခြေခံအဆောက်အအုံများကို ဆက်လက်အကောင်အထည်ဖော်ခြင်း၊ အသစ်ထပ်မံတိုးချဲ့ ဆောင်ရွက်ခြင်းတို့ ပါဝင်သည်။ အခြေခံအဆောက်အအုံများဖြစ်သော လမ်းတံတားများဖောက်လုပ်ပေးခြင်း၊ စက်မှုကုန်ထုတ်လုပ်ငန်းများတိုးမြှင့်ဆောင်ရွက်ပေးခြင်း၊ စိုက်ပျိုးရေးအတွက် ဆည်မြောင်းတာတမံများတည်ဆောက်ပေးခြင်း၊ ဆင်းရဲနွမ်းပါးမှုလျှော့ချရေးအစီအမံများ ဆောင်ရွက်ခြင်း၊ ပြည်တွင်းငြိမ်းချမ်းရေး အလေးထားဆောင်ရွက်ခြင်းစသည်တို့ပင်ဖြစ်သည်။

ယခုလ ၄ ရက်နေ့က ကချင်ပြည်နယ်၊ ဗန်းမော်မြို့နယ်မှ ဧရာဝတီတံတား(စင်းခန်း)ဖွင့်လှစ်ခဲ့သည်။ ဧရာဝတီတံတား(စင်းခန်း)မြစ်ကူးတံတားသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးတွင် လိုအပ်နေသော အခြေခံအဆောက်အအုံ အမြောက်အမြားထဲမှ အရေးကြီးသည့်ဆောင်ရွက်ချက်တစ်ခုဖြစ်သည်။ ဤတံတားကြီးဆောက်လုပ်ပြီးစီးခဲ့ခြင်းဖြင့် ကုန်စည်များ လွယ်ကူချောမွေ့စွာပို့ဆောင်နိုင်သဖြင့် ဒေသစီးပွားရေး၊ နိုင်ငံတော်စီးပွားရေးအတွက် များစွာအထောက်အကူပြုသည်သာမက ပြည်နယ်မှ ပြည်မသို့ သို့မဟုတ် နယ်စွန်နယ်ဖျားမှ နိုင်ငံအတွင်းပိုင်းသို့ လွယ်ကူစွာ ဆက်သွယ်သွားလာနိုင်တော့မည်ဖြစ်သည်။ ကူးလူးဆက်သွယ်မှု များလာသည်နှင့်အမျှ ချစ်ခင်ရင်းနှီးရာမှ ပိုမိုယုံကြည်လာကာ တိုင်းရင်းသားစည်းလုံးညီညွတ်မှုကိုပါ များစွာအထောက်အကူပြုမည်ဖြစ်သည်။ ဤတံတားကြီးသည် အစိုးရသစ်လက်ထက် ပေ ၁၈၀ အထက် ၁၁ စင်းမြောက် တံတားကြီးဖြစ်သည်။ ၂၇-၁၁-၂၀၁၁ ရက်နေ့က ဧရာဝတီတံတား(ညောင်တုန်း)၊ ၃၁-၁၂-၂၀၁၁ ရက်နေ့က ဧရာဝတီတံတား(ပခုက္ကူ)၊ ၂၈-၁-၂၀၁၂ ရက်နေ့က ရဲနွယ်ချောင်းတံတားတို့ကို ဖွင့်လှစ်ခဲ့သည်။ ထိုတံတားကြီးများ၏ကျေးဇူးကြောင့် အစွန်အဖျားမှ အတွင်းပိုင်း၊ အတွင်းပိုင်းမှ အစွန်အဖျား၊ ရထားလမ်း၊ ကားလမ်းကွန်ရက်များမှတစ်ဆင့် ကူးသန်းဆက်သွယ်သွားလာနိုင်တော့မည်ဖြစ်သည်။ ဒေသဖွံ့ဖြိုးရေးနှင့် နိုင်ငံဖွံ့ဖြိုးရေးအတွက် များစွာအထောက်အကူဖြစ်ခဲ့ပေပြီ။

နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရာတွင် အခြေခံအကျဆုံးအချက်မှာ ဆိုခဲ့သော အခြေခံအဆောက်အအုံများ မှန်ကန်ခိုင်မာကောင်းမွန်ဖို့ ဖြစ်သည်။ သို့ဖြစ်၍လည်း ဦးစားပေးဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ သို့ရာတွင် အရေးကြီးဆုံး အချက်တစ်ချက်ကိုမူ မေ့လျော့၍မရနိုင်ပေ။ ယင်းမှာ ငြိမ်းချမ်းရေးပင် ဖြစ်သည်။ ခေတ်အဆက်ဆက်၊ အစိုးရအဆက်ဆက်ကလည်း ငြိမ်းချမ်းရေးရရှိရန် နည်းလမ်းအမျိုးမျိုးဖြင့် ကြိုးစားပုံဖော်ခဲ့ကြသည်။ သို့ရာတွင် ထင်တိုင်းမပေါက်ခဲ့။ ပြည်ထောင်စုတိုင်းရင်းသားညီအစ်ကိုချင်း မသင့်မမြတ်ဖြစ်နေခဲ့ရသဖြင့် အခြေခံအဆောက်အအုံများ ကောင်းစွာမဖော်ဆောင်နိုင်ခဲ့။ သို့နှင့်ပင် နိုင်ငံစီးပွားရေးပါ တန့်နေခဲ့ရသည်။ နယ်ချဲ့၏စနက် ဆိုးမွေများပင်ဖြစ်သည်။

လွတ်လပ်ရေးရရှိပြီး နှစ်ပေါင်း ၆၀ ကျော်ကြာသည့်တိုင် ဖွံ့ဖြိုးမှုနောက်ကျနေသေးသော ကျွန်ုပ်တို့နိုင်ငံတွင် ဒီမိုကရေစီအစိုးရ၏ စေတနာပါသော ဆောင်ရွက်ချက်များကြောင့် ပိုမိုဖွံ့ဖြိုးရေးလမ်းစများကို မြင်နေရပြီဟု ဆိုနိုင်သည်။ ထိုလမ်းကို အရှိန်အဟုန်ဖြင့်လျှောက်လှမ်းနိုင်ဖို့ နိုင်ငံငြိမ်းချမ်းရန် မဖြစ်မနေလိုအပ်သည်။ ငြိမ်းချမ်းရေးသည် တိုင်းရင်းသားတစ်မျိုးတည်းအတွက်မဟုတ်။ နှစ်မျိုးသုံးမျိုးအတွက်လည်း မဟုတ်။ တိုင်းရင်းသားအားလုံးပါဝင်သော ပြည်ထောင်စုကြီးအတွက်ဖြစ်သည်။ တိုင်းရင်းသားများ၏ စည်းလုံးမှုစွမ်းပကားဖြင့် ကျွန်ုပ်တို့၏ ပြည်ထောင်စုကြီး ထာဝရအဓွန့်ရှည်တည်တံ့အောင် တည်ဆောက်ရမည်ဖြစ်သည်။ သို့ဖြစ်၍လည်း တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် ငြိမ်းချမ်းရေးဆွေးနွေးမှုများကို ပြည်နယ်အဆင့်၊ ပြည်ထောင်စုအဆင့်ဟူ၍ အကြိမ်ကြိမ် ဆွေးနွေးခဲ့သည်။ ၇-၂-၂၀၁၂ ရက်နေ့ထိ အဖွဲ့အသီးသီးနှင့် တွေ့ဆုံဆွေးနွေးမှု ၄၂ ကြိမ် ပြုလုပ်ခဲ့ပြီးဖြစ်သည်။ ထိုဆွေးနွေးမှုများမှ ပြည်ထောင်စုအဆင့် လက်မှတ်ရေးထိုးပြီး ၅ ဖွဲ့၊ ပြည်နယ်အဆင့် လက်မှတ်ရေးထိုးပြီး ၄ ဖွဲ့ ပေါ်ထွက်လာခဲ့ပြီဖြစ်သည်။ အဖွဲ့ ၂ ဖွဲ့ကား ဆက်လက်ဆွေးနွေးညှိနှိုင်းဆဲဖြစ်သည်။ သို့ရာတွင် အဖွဲ့အားလုံးအနေဖြင့် ပြည်ထောင်စုကြီးမှ ခွဲမထွက်ရေးသဘောတူကြသည်။ ဤသည်ကို ထောက်ရှုခြင်းဖြင့် အခိုက်အတန့်အားဖြင့် ညှိနှိုင်းဆဲဖြစ်သော်လည်း တိုင်းရင်းသားအားလုံးတွင် ပြည်ထောင်စုစိတ်ဓာတ် ကိန်းအောင်းရှင်သန်နေဆဲဖြစ်သည်ကို သိသာနိုင်ပေသည်။ ဤမျှ တိုတောင်းသောကာလအတွင်း ဤမျှ အတိုင်းအတာအထိ အောင်မြင်ခြင်းမှာ နိုင်ငံတော်အစိုးရ၏ စစ်မှန်သောစေတနာနှင့် လုပ်ရပ်ကြောင့်ပင် ဖြစ်ပေသည်။

ဤနေရာတွင် တစ်နှစ်အတွင်းလွတ်လပ်ရေးရရှိရေး လန်ဒန်၌ ဆွေးနွေးစဉ် ဗိုလ်ချုပ်အောင်ဆန်းပြောခဲ့သော စကားတစ်ခွန်းကို ထုတ်နုတ်တင်ပြလိုပေသည်။ “ပြည်ပစွက်ဖက်မှုမရှိရင် ကျွန်တော်တို့ ပြည်မနဲ့ တိုင်းရင်းသားအချင်းချင်း ညှိနှိုင်းလို့ရပါတယ်”ဟူ၍ ဖြစ်သည်။ တကယ်တမ်း၌ အောင်ဆန်း-အက်တလီ စာချုပ် နှောင့်နှေးရသည့် ကိစ္စ၊ ပင်လုံစာချုပ်အခက်အခဲများနှင့် ကြုံရသည့်ကိစ္စတို့တွင် ဗြိတိသျှတို့၏ စွက်ဖက်မှုများရှိခဲ့ကြောင်း အထူးပြောစရာမလိုပေ။ သင်ခန်းစာယူရမည်မှာ မိမိတို့ချင်း မျက်နှာချင်းဆိုင် ဆွေးနွေးခြင်းသည် အမှန်နှင့် အနီးစပ်ဆုံး၊ အကောင်းဆုံးအဖြေကို အမြန်ရနိုင်သည်ဟူ၍ ဖြစ်သည်။ ယနေ့ရရှိလာသည့် ရလဒ်များသည် ကျွန်ုပ်တို့ချင်း တိုက်ရိုက်ဆွေးနွေးမှုမှ ရရှိခဲ့ကြခြင်းဖြစ်သည်။

ပြည်ထောင်စုကြီးငြိမ်းချမ်းဖို့ ပြည်ထောင်စုကြီးအတွင်း နေထိုင်ကြသော တိုင်းရင်းသားအားလုံးက အလိုရှိကြသည်။ တိုးတက်မှုရလဒ်များကို အိမ်နီးချင်းနိုင်ငံများ၊ အာဆီယံနိုင်ငံများ၊ အာရှနိုင်ငံများကသာမက ကမ္ဘာ့နိုင်ငံများကပါ ဝမ်းမြောက်ကြိုဆိုကြသည်။ ထိုမျှသာမက အစိုးရသစ်၏ ပြည်တွင်းနိုင်ငံရေး ပြောင်းလဲမှု၊ နိုင်ငံတကာနှင့် ဆက်ဆံရေးများ တိုးမြှင့်ဆောင်ရွက်မှုတို့ကိုလည်း နိုင်ငံတကာက အသိအမှတ်ပြုလျက် အပြုသဘောဆောင် တုံ့ပြန်ဆက်ဆံလာကြသည်။ ရင်းနှီးမြှုပ်နှံမှုများလည်း တိုး၍တိုး၍လာနေကြသည်။ ပြည်ထောင်စုကြီး ငြိမ်းချမ်းသည်နှင့်အမျှ ဖွံ့ဖြိုးတိုးတက်မှု၊ တိုင်းရင်းသားညီအစ်ကိုမောင်နှမချင်း ပိုမိုချစ်ကြည်စည်းလုံးမှုတို့ ရရှိလာမည်ဖြစ်သည်။

ယနေ့ကာလသည် ဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံဆီသို့ လှမ်းလျှောက်နေချိန်ဖြစ်သည်။ တာထွက်နောက်ကျသော်လည်း လမ်းကြောင်းမှန်ပြီး အရှိန်အဟုန်ကောင်းလှသည်ကို တွေ့နေရသည်။ နိုင်ငံဖွံ့ဖြိုးတိုးတက်ဖို့ အရေးအကြီးဆုံးမှာ ငြိမ်းချမ်းဖို့ဖြစ်သည်။ ငြိမ်းချမ်းမှသွားလာမှု ချောမွေ့လွယ်ကူပြီး အခြေခံအဆောက်အအုံများ ပိုမိုကောင်းမွန်အောင်လုပ်နိုင်မည်။ အခြေခံအဆောက်အအုံများကောင်းမှ စီးပွားဆက်သွယ်မှု၊ ကုန်ထုတ်လုပ်မှုစသည်တို့ ကောင်းမွန်မြင့်မားလာကာ တိုးတက်မည်ဖြစ်သည်။

တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် ငြိမ်းချမ်းရေးဆွေးနွေးမှုများ တစ်ဖွဲ့ပြီးတစ်ဖွဲ့၊ တစ်ဆင့်ပြီးတစ်ဆင့် အောင်မြင်နေသည်။ ထိုတစ်ဆင့်ချင်းမှသည် တစ်တိုင်းပြည်လုံး အေးချမ်းသွားရန် လုပ်ဆောင်နေကြသည်။ ကျွန်တော်တို့ တိုင်းရင်းသားများ၏ စည်းလုံးညီညွတ်မှုစွမ်းပကားဖြင့် ပြည်ထောင်စုကြီး ထာဝရအဓွန့်ရှည်တည်တံ့ခိုင်မြဲအောင် တည်ဆောက်ကြရမည်ဖြစ်သည်။ ပြည်ထောင်စုအဆင့်၊ ပြည်နယ်အဆင့် ငြိမ်းချမ်းရေးဆွေးနွေးကြရာတွင် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အားလုံးက ပြည်ထောင်စုကြီးမှ ခွဲမထွက်ကြကြောင်း ပြောဆို၍ ကတိကဝတ်ပြုကြသည်။ တိုင်းရင်းသားညီအစ်ကိုချင်း စည်းလုံးညီညွတ်မှ ပြည်ထောင်စုကြီး မပြိုကွဲဖို့၊ အဓွန့်ရှည်ဖို့ ဆောင်ရွက်နိုင်မည်ဖြစ်သည်။ ဗြိတိသျှလက်အောက် ကျရောက်စက ပြည်ထောင်စုစိတ်ဓာတ်မျိုးလည်း ရနိုင်မည်ဖြစ်သည်။ လွတ်လပ်ရေးရဖို့အတွက် အနီးကပ်ဆုံးအထောက်အကူပြုခဲ့သော ပင်လုံစာချုပ်ချုပ်ဆိုသည့် ၁၉၄၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၂ ရက်သည် ပြည်ထောင်စုနေ့ ဖြစ်လာသည်။ ပြည်ထောင်စုနေ့ရောက်တိုင်း ကျွန်တော်တို့တိုင်းရင်းသားချင်း ပိုမိုစည်းလုံး ညီညွတ်ဖို့လိုကြောင်း အလိုလိုသတိရလာကြရပါမည်။

ယနေ့တွင်ကား တစ်တိုင်းတစ်ပြည်လုံး ငြိမ်းချမ်းတော့မည့်အရိပ်လက္ခဏာများ မြင်နေရပေပြီ။ တစ်နိုင်ငံလုံး ငြိမ်းချမ်းရေးရောင်ခြည်များလည်း သမ်းနေပြီဖြစ်သည်။ ဆိုရပါလျှင် ယနေ့ကာလသည် ကျွန်တော်တို့ညီအစ်ကိုချင်း ရန်ဖြစ်နေဖို့ အချိန်မဟုတ်တော့ပါ။ နှစ်ပေါင်း ၆၀ ကျော်ကြာရန်ဖြစ်နေခဲ့၍ သယံဇာတနှင့် အခြားအရင်းအမြစ်များ ကြွယ်ဝပါလျက် နိုင်ငံမချမ်းသာသေး။ ထို့ကြောင့် ငြိမ်းချမ်းဖို့၊ တစ်နိုင်ငံလုံး လုံးဝငြိမ်းချမ်းဖို့ လိုအပ်သည်။ မငြိမ်းချမ်းဘဲ ချမ်းသာချင်၍မရသကဲ့သို့ ဒီမိုကရေစီလမ်းကြောင်းတွင် တည့်မတ်နေပြီဖြစ်သော ကျွန်ုပ်တို့၏ ချီတက်မှု အရှိန်အဟုန်ကိုလည်းမြှင့်၍ မရနိုင်သေးပေ။ လုံးဝငြိမ်းချမ်းရေးနှင့် လက်တစ်ကမ်းအကွာသာ ကျန်တော့သည်ဟု ဆိုနိုင်သည့် အခြေအနေကို အပျက်မခံဘဲ တစ်ဖက်နှင့်တစ်ဖက် နာကြည်းစရာများ၊ မကျေလည်ခဲ့မှုများ၊ အဆင်မပြေခဲ့မှုများအားလုံးကို ခဝါချပစ်ကြရပါမည်။ ပြီးလျှင် တိုးတက်မှုဆီ၊ ဒီမိုကရေစီပန်းတိုင်ဆီ ပြည်ထောင်စုစိတ်ဓာတ်အပြည့်ဖြင့် ချစ်ချစ်ခင်ခင်အတူတကွ လျှောက်လှမ်းကြပါစို့ဟု တိုက်တွန်းရပါသတည်း။ ။

ယနေ့ကာလသည် ဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံဆီသို့ လှမ်းလျှောက်နေချိန်ဖြစ်သည်။ တာထွက်နောက်ကျသော်လည်း လမ်းကြောင်းမှန်ပြီး အရှိန်အဟုန်ကောင်းလှသည်ကို တွေ့နေရသည်။ နိုင်ငံဖွံ့ဖြိုးတိုးတက်ဖို့ အရေးအကြီးဆုံးမှာ ငြိမ်းချမ်းဖို့ဖြစ်သည်။ ငြိမ်းချမ်းမှ သွားလာမှု ချောမွေ့လွယ်ကူပြီး အခြေခံအဆောက်အအုံများ ပိုမိုကောင်းမွန်အောင်လုပ်နိုင်မည်။ အခြေခံအဆောက်အအုံများကောင်းမှ စီးပွားဆက်သွယ်မှု၊ ကုန်ထုတ်လုပ်မှုစသည်တို့ ကောင်းမွန်မြင့်မားလာကာ တိုးတက်မည်ဖြစ်သည်။

11-2)08.pmd 1 2/11/2012, 2:16 AM

ည်းအတွက်မဟုတ်။ နှစ်မျိုး
င်သော ပြည်ထောင်စုကြီး
မ်းပကားဖြင့် ကျွန်ုပ်တို့၏
ည်ဆောက်ရမည်ဖြစ်သည်။
င့် ငြိမ်းချမ်းရေးဆွေးနွေးမှု
ကြိမ်ကြိမ် ဆွေးနွေးခဲ့သည်။
နွေးမှု ၄၂ ကြိမ် ပြုလုပ်ခဲ့ပြီး
ပက်မှတ်ရေးထိုးပြီး ၅ ဖွဲ့၊
လာခဲ့ပြီဖြစ်သည်။ အဖွဲ့ ၂
ွင် အဖွဲ့အားလုံးအနေဖြင့်
ဥ်သည်ကို ထောက်ရှုခြင်း
တိုင်းရင်းသားအားလုံးတွင်
ည်ကို သိသာနိုင်ပေသည်။
ာအထိ အောင်မြင်ခြင်းမှာ
ကြောင့်ပင် ဖြစ်ပေသည်။
ရေး လန်ဒန်၌ ဆွေးနွေးစဉ်
တ်နုတ်တင်ပြလိုပေသည်။
င်းသားအချင်းချင်း ညှိနှိုင်း
ဆန်း-အက်တလီ စာချုပ်
နှင့် ကြုံရသည့်ကိစ္စတို့တွင်
စရာမလိုပေ။ သင်ခန်းစာ
ည် အမှန်နှင့် အနီးစပ်ဆုံး
ည်။ ယနေ့ရရှိလာသည့်
ရရှိခဲ့ကြခြင်းဖြစ်သည်။
အတွင်း နေထိုင်ကြသော
ရလဒ်များကို အိမ်နီးချင်း
မက ကမ္ဘာ့နိုင်ငံများကပါ
စ်၏ ပြည်တွင်းနိုင်ငံရေး
ဆောင်ရွက်မှုတို့ကိုလည်း
ဆာင် တုံ့ပြန်ဆက်ဆံလာ
ကြသည်။ ပြည်ထောင်စုကြီး
ားညီအစ်ကိုမောင်နှမချင်း

**ီနိုင်ငံဆီသို့ လှမ်းလျှောက်
မ်းကြောင်းမှန်ပြီး အရှိန်
ိုးတက်ဖို့ အရေးအကြီးဆုံး
မွေ့လွယ်ကူပြီး အခြေခံ
။ အခြေခံအဆောက်အအုံ
ည်တို့ ကောင်းမွန်မြင့်မား**

ရေးဆွေးနွေးမှုများ တစ်ဖွဲ့ပြီး
ဆင့်ချင်းမှသည် တစ်တိုင်း
ျွန်တော်တို့ တိုင်းရင်းသား
စုကြီး ထာဝရအဓွန့်ရှည်
။ ပြည်ထောင်စုအဆင့်၊
င်းရင်းသားလက်နက်ကိုင်
း ပြောဆို၍ ကတိကဝတ်
ွတ်မှ ပြည်ထောင်စုကြီး
။ ဗြိတိသျှလက်အောက်
ည်ဖြစ်သည်။ လွတ်လပ်ရေး
ပင်လုံစာချုပ်ချုပ်ဆိုသည့်
ထာင်စုနေ့ ဖြစ်လာသည်။
ချင်း ပို၍စည်းလုံး ညီညွတ်ဖို့

**တော့မည့်အရိပ်လက္ခဏာ
ည်များလည်း သမ်းနေပြီ
သီအစ်ကိုချင်း ရန်ဖြစ်နေဖို့
စ်နေခဲ့၍ သယံဇာတနှင့်
မ်းသာသေး။ ထို့ကြောင့်
။ မငြိမ်းချမ်းဘဲ ချမ်းသာ
ကဲ့သို့ ဒီမိုကရေစီလမ်း
တည့်မတ်နေပြီဖြစ်သော
ချီတက်မှု အရှိန်အဟုန်
၍ မရနိုင်သေးပေ။ လုံးဝ
နှင့် လက်တစ်ကမ်းအကွာ
ာ့သည်ဟု ဆိုနိုင်သည့်
ကို အပျက်မခံဘဲ တစ်ဖက်
နာကြည်းစရာများ၊
ခဲ့မှုများ၊ အဆင်မပြေခဲ့မှု
ကို ခဝါချပစ်ကြရပါမည်။
းတက်မှုဆီ၊ ဒီမိုကရေစီ
ပြည်ထောင်စုစိတ်ဓာတ်
ချစ်ချစ်ခင်ခင်အတူတကွ
းကြပါစို့ဟု တိုက်တွန်းရပါ
။**

(၆၅)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

- ☆ တိုင်းရင်းသားစည်းလုံးညီညွတ်မှုစွမ်းပကားဖြင့် ပြည်ထောင်စုကြီး ထာဝရအဓွန့်ရှည်တည်တံ့ခိုင်မြဲအောင် တည်ဆောက်ရေး။
- ☆ ဒို့တာဝန်အရေးသုံးပါးကို ပြည်ထောင်စုသားအားလုံးက အစဉ်ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး။
- ☆ တိုင်းရင်းသားပြည်သူများအတွင်း ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ်ရှင်သန်ထွန်းကားအောင် ဖော်ဆောင်ရေး။
- ☆ ပြည်ထောင်စုတိုင်းရင်းသားအားလုံးအတွက် ထာဝရငြိမ်းချမ်းမှုရရှိအောင် ကြိုးပမ်းဆောင်ရွက်ရေး။
- ☆ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီကိုကျင့်သုံးပြီး ပြည်ထောင်စုကြီး ခေတ်မီဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(၆၅)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုကဗျာ

ခေတ်တံခါးရဲ့ မုခ်ဦးရှေ့မှာ

❋ ပြည်ထောင်စုအဓွန့်ရှည်
တည်တံ့စွာမြဲခိုင်ရေး။
စည်းလုံးစွာ ညီညွတ်ပါတဲ့
ဆွေသဟာတိုင်းရင်းသားတွေရဲ့
စွမ်းအားဟာ အဓိက
ပင်မအသက်သွေး။

❋ ပြည်ထောင်စုစိတ်ဓာတ်မွန်
ထာဝစဉ်ရှင်သန်ဖို့။
အမြဲမပြတ်ရယ်ပေါ့
စွဲမှတ်ကာ ထပ်ထပ်တိုး
ပျိုးထောင်ပါစို့။

❋ သားချင်းမို့ အမုန်းမရှည်
သွေးစကားသည် မှန်ပေ၏။
တိုင်းရင်းသားပေါင်းစုံရဲ့
ယုံကြည်မှုခွန်အားများသာ
အမှောင်သားကို ဖျက်ဖြိုပစ်ပြီး
အချစ်ဘဝကို ပိုင်ပိုင်ရတယ်
အလှစုံပြည့်။

❋ စနစ်သစ် ခေတ်သစ်ပြီ
အသစ်အသစ်သည် ဤမျက်မှောက်။
ညီနောင်များရယ်တို့
ချစ်စကားကို ပိုမိုပြောပါလို့
ချစ်သဘောကို ပိုမိုပြပါရင်း
လောကကို အလှဆင်ဖို့ရာ
ဘဝအမြင် ထင်ထင်ရှင်းစွာဖြင့်
ငြိမ်းချမ်းခြင်း ထာဝရဖြစ်အောင်
ခေတ်တံခါး မုခ်ဦးရှေ့မှာ
(တို့···)တွေဆုံဖို့ရောက်။ ။

စိုးမြင့်သန်းမောင်(စာပေဗိမာန်)

နိုင်ငံတော်အရန်ဆန်ထားရှိရေး ကြီးကြပ်မှုကော်မတီ တောင်သူများထံမှ စပါးတိုက်ရိုက်ဝယ်ယူလျက်ရှိ

ရန်ကုန် ဖေဖော်ဝါရီ ၁၀

နိုင်ငံတော်အရန်ဆန်ထားရှိရေးကြီးကြပ်မှုကော်မတီအစည်းအဝေးကို ဖေဖော်ဝါရီ ၄ ရက်တွင် ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်း UMFCCI Office Tower ရှိ မြန်မာနိုင်ငံ ဆန်စပါးလုပ်ငန်းအသင်း အစည်းအဝေးခန်းမ၌ ကျင်းပရာ နိုင်ငံတော် အရန်ဆန်ထားရှိရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့်ကော်မတီဝင်များ၊ ဆပ်ကော်မတီဝင်များ၊ လုပ်ငန်းကော်မတီဝင်များ တက်ရောက်ကြပြီး နိုင်ငံတော်အရန်ဆန်အတွက် စပါးဝယ်ယူရေးအစီအစဉ်များ၊ တောင်သူလယ်သမားများထံမှ တိုက်ရိုက်ဝယ်ယူနိုင်ရေး စီစဉ်ကြပ်မတ်ဆောင်ရွက်မှုများ၊ လုပ်ငန်းပိုင်းဆိုင်ရာ သယ်ယူပို့ဆောင်ရေးနှင့် သိုလှောင်ထားရှိရေး၊ အရည်အသွေးနှင့် အလေးချိန် စနစ်တကျထားရှိရန်နှင့် ဘဏ္ဍာငွေ စီမံခန့်ခွဲရေးကိစ္စများကို ဆွေးနွေးကြသည်။

နိုင်ငံတော်အရန်ဆန် အစီအစဉ်ကို နိုင်ငံတော် ဗဟိုသမဝါယမအသင်းနှင့် မြန်မာနိုင်ငံ ဆန်စပါးလုပ်ငန်းအသင်းတို့က ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ တောင်သူများထံမှ တိုက်ရိုက်ဝယ်ယူခြင်းဖြစ်ပြီး ၄၆ ပေါင်ကိုက် ပြည့်မီပါက ငွေကျပ် ၃၃၀၀၀၀ နှုန်းဖြင့် ဝယ်ယူလျက်ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ရေကြောင်းသတိပေးချက် ထုတ်ပြန်

နေပြည်တော် ဖေဖော်ဝါရီ ၁၀

မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ရေနံရှာဖွေတူးဖော်ရေးလုပ်ငန်းများ၌ အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော MPRL E & P Pte., Ltd. သည် ရခိုင်ကမ်းလွန်လုပ်ကွက်အမှတ် A-6 တွင် ပြည်သာရေနံအစမ်းတွင်းများကို ရေနံတွင်းတူးဖော်စက် Semi-submersible Drilling Rig " Doo Sung" ဖြင့် ဖေဖော်ဝါရီ ၂၅ ရက်မှ ဧပြီ ၈ ရက်အထိ ဆောင်ရွက်သွားမည် ဖြစ်သည်။

ရေနံတွင်းတူးစက် Semi-submersible Drilling Rig "Doo Sung" ဖြင့် တူးဖော်မည့် ပြည်သာရေနံအစမ်းတွင်းများ၏ တည်နေရာဧရိယာများမှာ Pyi Thar-1 ရေနံတွင်း Point A မြောက်လတ္တီတွဒ် ၁၆ ဒီဂရီ ၄၈ မိနစ် ၅၆ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၀၀ မိနစ် ၃၀ စက္ကန့်၊ Point B မြောက်လတ္တီတွဒ် ၁၆ ဒီဂရီ ၄၈ မိနစ် ၄၀ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၀၂ မိနစ် ၃၀ စက္ကန့်၊ Point C မြောက်လတ္တီတွဒ် ၁၆ ဒီဂရီ ၄၆ မိနစ် ၄၃ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၀၂ မိနစ် ၁၄ စက္ကန့်နှင့် Point D မြောက်လတ္တီတွဒ် ၁၆ ဒီဂရီ ၄၇ မိနစ် ၀၀ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၀၀ မိနစ် ၁၃ စက္ကန့် အတွင်းတွင် လည်းကောင်း၊ Pyi Thar-1-STR ရေနံတွင်း Point A မြောက်လတ္တီတွဒ် ၁၆ ဒီဂရီ ၄၈ မိနစ် ၅၆ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၀၀ မိနစ် ၃၀ စက္ကန့်၊ Point B မြောက်လတ္တီတွဒ် ၁၆ ဒီဂရီ ၄၈ မိနစ် ၄၀ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၀၂ မိနစ် ၃၀ စက္ကန့်၊ Point C မြောက်လတ္တီတွဒ် ၁၆ ဒီဂရီ ၄၆ မိနစ် ၄၃ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၀၂ မိနစ် ၁၄ စက္ကန့်နှင့် Point D မြောက်လတ္တီတွဒ် ၁၆ ဒီဂရီ ၄၇ မိနစ် ၀၀ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၀၀ မိနစ် ၁၃ စက္ကန့်အတွင်းတွင်လည်းကောင်း၊ Individual Location of well: Pyi Thar-1 ရေနံတွင်းမှာ မြောက်လတ္တီတွဒ် ၁၆ ဒီဂရီ ၄၇ မိနစ် ၅၂ ဒသမ ၆ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၁ မိနစ် ၅၂ ဒသမ ၀ စက္ကန့်နှင့် Pyi Thar-1-STR ရေနံတွင်းမှာ မြောက်လတ္တီတွဒ် ၁၆ ဒီဂရီ ၄၇ မိနစ် ၅၄ ဒသမ ၅ စက္ကန့်၊အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၁ မိနစ် ၁၀ ဒသမ ၇ စက္ကန့်အတွင်းတွင် လည်းကောင်း ဖြစ်သည်။

သို့ဖြစ်၍ ရခိုင်ကမ်းလွန်လုပ်ကွက်အမှတ် A-6 တွင်ပြည်သာရေနံအစမ်းတွင်းများကို ရေနံတွင်းတူးစက် Semi-submersible Drilling Rig "Doo Sung" ဖြင့် တူးဖော်ဆောင်ရွက်နေစဉ်ကာလအတွင်း လုပ်ငန်းများ နှောင့်နှေးကြန့်ကြာမှု မဖြစ်ပေါ်စေရေးအတွက် ဖော်ပြပါလုပ်ငန်းခွင်ဧရိယာမှ ၄ ကီလိုမီတာ ပတ်လည်အတွင်းအား ရေကြောင်းသတိပေးချက် (Notice to Mariner's) ထုတ်ပြန်ကြေညာထားပါ၍ သင်္ဘောကြီး/ငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗန်များ ဖြတ်သန်းသွားလာခြင်း၊ ကျောက်ချရပ်နားထားခြင်း၊ ငါးဖမ်းဆီးခြင်းနှင့် ငါးဖမ်းကိရိယာများ ချထားခြင်းများ မပြုလုပ်ကြရန် ငါးလုပ်ငန်းဦးစီးဌာနက အသိပေးကြေညာထားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

လူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာ Website ထူထောင်

နေပြည်တော် ဖေဖော်ဝါရီ ၁၀

လူကုန်ကူးမှုတားဆီးကာကွယ်ရေးဗဟိုအဖွဲ့၏ လူကုန်ကူးမှုဆိုင်ရာWebsite ကို www.myanmarhumantrafficking.gov.mm အမည်ဖြင့် ၂၀၁၂ ခုနှစ် ဖေဖော်ဝါရီလအတွင်း စတင်လွှင့်တင်ခဲ့သည်။

အဆိုပါ Website တွင် မြန်မာနိုင်ငံ၏ လူကုန်ကူးမှုတိုက်ဖျက်ရေး ကြိုးပမ်းဆောင်ရွက်ချက်များ၊ လူကုန်ကူးမှု တိုက်ဖျက်ရေးချုပ်ဆိုထားသော နားလည်မှုစာချွန်လွှာများ၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေနှင့် ဆက်စပ်သော တည်ဆဲဥပဒေများ၊ မြန်မာနိုင်ငံ၏ လူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာ (၅)နှစ် စီမံကိန်း၊ အရေးယူဆောင်ရွက်မှုများ၊ လူကုန်ကူးမှုဆိုင်ရာ သတင်းနှင့် ဆောင်းပါးများ၊ နှီးနှောဖလှယ်ပွဲနှင့် အစည်းအဝေးများဆိုင်ရာ မှတ်တမ်းများ စသည်တို့ကို ဝင်ရောက်ကြည့်ရှုလေ့လာနိုင်ကြောင်း လူကုန်ကူးမှုတားဆီးကာကွယ်ရေးဗဟိုအဖွဲ့မှ သိရှိရသည်။ (သတင်းစဉ်)

တန် ဖိုး ရှိ လှ လူ ငယ် ဘ ဝ မူး ယစ် ကင်း စင် ကျန်း မာ မှ

နိုင်ငံရေးပါတီမှတ်ပုံတင်ခွင့်များ လာရောက်လျှောက်ထားလျက်ရှိ

နေပြည်တော်　　ဖေဖော်ဝါရီ　　၁၀

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် နိုင်ငံရေးပါတီ မှတ်ပုံတင်ခွင့် လျှောက်ထားချက်များကို စိစစ်ခွင့်ပြုပေးလျက်ရှိရာ ယနေ့တွင် မြို့တိုင်းရင်းသားပါတီက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ နိုင်ငံရေးပါတီ မှတ်ပုံတင်ခွင့် လာရောက်လျှောက်ထားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

၁။ ရခိုင်ပြည်နယ်၊ ဘူးသီးတောင်မြို့နယ်၊ အမှတ်(၄)ရပ်ကွက်သစ်၊ အိမ်အမှတ်(၂၄၅) တွင် ပါတီရုံးချုပ် တည်ရှိသော **မြို့တိုင်းရင်းသားပါတီ**က နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၅ အရ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုရန် ၁၀-၂-၂၀၁၂ ရက်နေ့တွင် လျှောက်ထားလာပါသည်။ ယင်းသို့ လျှောက်ထားရာတွင် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ဖော်ပြပါအတိုင်း အသုံးပြုမည်ဖြစ်ကြောင်း တင်ပြလာပါသည်။

၂။ ယင်းအဖွဲ့အစည်းက အသုံးပြုမည့် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ကန့်ကွက်လိုက ယခု ကြေညာသည့်နေ့မှစ၍ (၇) ရက်အတွင်း ခိုင်လုံသော အထောက်အထားများဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း နည်းဥပဒေများ ၁၄(ဃ)အရ အများသိစေရန် ကြေညာအပ်ပါသည်။

မြို့တိုင်းရင်းသားပါတီ၏ အလံပုံစံ



မြို့တိုင်းရင်းသားပါတီ၏ တံဆိပ်ပုံစံ

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပဉ္စမအကြိမ် နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ အမျိုးသမီးဘော်လီဘောပြိုင်ပွဲများ ကျင်းပ

နေပြည်တော်　　ဖေဖော်ဝါရီ　　၁၀

ပဉ္စမအကြိမ် နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ အမျိုးသမီးဘော်လီဘောပြိုင်ပွဲများကို ယနေ့ နံနက်ပိုင်းနှင့် ညနေပိုင်းတို့တွင် ဇမ္ဗူသီရိအားကစားရုံ ဘော်လီဘောကွင်း၌ ဆက်လက်ကျင်းပရာ နံနက်ပိုင်းပွဲစဉ်များအဖြစ် ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအသင်းကို သုံးပွဲ-တစ်ပွဲ၊ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာနအသင်းက သာသနာရေးဝန်ကြီးဌာနအသင်းကို သုံးပွဲပြတ်ဖြင့် လည်းကောင်း၊ ညနေပိုင်းပွဲစဉ်များအဖြစ် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအသင်းက စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအသင်းကို သုံးပွဲပြတ်၊ အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအသင်းက ပညာရေးဝန်ကြီးဌာနအသင်းကို သုံးပွဲ-နှစ်ပွဲဖြင့်လည်းကောင်း အနိုင်ရရှိသွားကြသည်။

(သတင်းစဉ်)

နိုင်ငံတကာရုပ်ရှင် အနုပညာရပ်ဝန်း

ရုပ်ရှင်ဇာတ်ကားနှစ်ကားတွင် ပါဝင်သရုပ်ဆောင်ရန် နာတာလီပေါ့မန်း လက်မှတ်ရေးထိုး

အော်စကာဆုရမင်းသမီး နာတာလီပေါ့မန်း(အောက်ပုံ)သည် ရုပ်ရှင်ဇာတ်ကားနှစ်ကားတွင် ပါဝင်သရုပ်ဆောင်ရန် လက်မှတ်ရေးထိုးခဲ့သော်လည်း မည်သည့်ဇာတ်ရုပ်တွင် သရုပ်ဆောင်ရမည်ကို သဲသဲကွဲကွဲမသိရသေးကြောင်း သတင်းများတွင် ဖော်ပြသည်။

နာတာလီပေါ့မန်းသည် သားငယ် အေးလ်ဖာကို မွေးဖွားရန်အတွက် လွန်ခဲ့သည့် ဇွန်လကတည်းက ရုပ်ရှင်ရိုက်ကူးခြင်းလုပ်ငန်းများကို ရပ်နားထားခဲ့သူဖြစ်ပြီး လာမည့်နွေရာသီတွင် Knight of Cups ဇာတ်ကားနှင့် Lawless ဇာတ်ကားတို့တွင် ပါဝင်သရုပ်ဆောင်သွားမည်ဖြစ်ကြောင်း သတင်းများတွင် ဖော်ပြသည်။

Knight of Cups ဇာတ်ကားတွင် ခရစ္စတင်းဘေးလ်၊ ကိတ်ဘလန့်ချက်နှင့် အစ်စ်ဘယ်လူးကပ်တို့ ပါဝင်သရုပ်ဆောင်မည်ဖြစ်သကဲ့သို့ Lawless ဇာတ်ကားတွင် ဘေးလ်၊ ဘလန့်ချက်တို့အပြင် ရိုင်ယန်ဂိုးစလင်း၊ ရွန်နေးမာယာနှင့် ဟာလေဘန်းနက်တို့ ပါဝင်သရုပ်ဆောင်သွားမည်ဖြစ်သည်။

ထို့ပြင် နာတာလီပေါ့မန်းသည် ယမန်နှစ်က နာမည်ကျော်လူကြိုက်များခဲ့သည့် Thor ဇာတ်ကားကို နောက်ဆက်တွဲရိုက်ကူးမည့် ဇာတ်ကားတွင်လည်း ပါဝင်သရုပ်ဆောင်မည်ဟု မျှော်လင့်ရကြောင်း သတင်းတွင် ဖော်ပြထားသည်။

အင်တာနက်။

အေ ဝမ်း စိုး

ဒိုင်ယာနာအတ္ထုပ္ပတ္တိဇာတ်ကားတွင် ဒိုင်ယာနာအဖြစ် နာအိုမီဝေါ့ထ်စ် သရုပ်ဆောင်မည်

ဗြိတိန်တော်ဝင်မင်းသမီး ဒိုင်ယာနာ၏ နောက်ဆုံးနှစ်များအကြောင်း ရိုက်ကူးမည့် အတ္ထုပ္ပတ္တိဇာတ်ကားတွင် နာမည်ကျော် King Kong ဇာတ်ကားမှ မင်းသမီး နာအိုမီဝေါ့ထ်စ်**(ယာပုံ)** က ဒိုင်ယာနာမင်းသမီးအဖြစ် သရုပ်ဆောင်သွားမည်ဖြစ်ကြောင်း ထုတ်လုပ်သူများက ပြောကြားသည်။

ဗြိတိန် Ecosse ရုပ်ရှင်ထုတ်လုပ်ရေးက Caught in Flight ဟု အမည်ပေးထားသော ဒိုင်ယာနာ မင်းသမီး၏ အတ္ထုပ္ပတ္တိဇာတ်ကားသည် ၁၉၉၇ ခုနှစ် ပြင်သစ်နိုင်ငံ ပါရီမြို့ ယာဉ်တိုက်မှု၌ ဒိုင်ယာနာမင်းသမီး မသေဆုံးမီ နောက်ဆုံးနှစ်နှစ်ကို အဓိကထား ရိုက်ကူးသွားမည်ဟု ဆိုသည်။

၎င်းဇာတ်ကားကို ဟစ်တလာ၏ နောက်ဆုံးနေ့များအကြောင်း ရိုက်ကူးထားသည့် Downfall ဇာတ်ကားဖြင့် နာမည်ကျော် လူသိများသည့် ဒါရိုက်တာ အိုလီဗာဟာစစ်ဘီဂျယ်က ရိုက်ကူးမည်ဖြစ်ပြီး The Libertine ဇာတ်ကားကို ဇာတ်ညွှန်းရေးပေးခဲ့သူ ဇာတ်ညွှန်းရေးဆရာ စတီဖင်ဂျက်ဖရီက ဇာတ်ညွှန်းရေးမည်ဖြစ်သည်။

ရုပ်ရှင်ထုတ်လုပ်သူများက ယင်းအတ္ထုပ္ပတ္တိဇာတ်ကားသည် ပုဂ္ဂလိက ပျော်ရွှင်မှု အစစ်အမှန်ကို ပထမဆုံးအကြိမ် မည်သို့ရှာဖွေရမည်ကို ပြဆိုသော နိုင်ငံတကာအရေးနှင့် လူသားချင်း စာနာထောက်ထားမှုအရေး အဓိကထားလှုပ်ရှားသူ ဒိုင်ယာနာ၏ အခန်းကဏ္ဍကို ဖော်ကျူးထားသော ဇာတ်ကားဖြစ်သည်ဟု ဆိုသည်။

21 Grams ဇာတ်ကားဖြင့် အကယ်ဒမီဆုအမည်စာရင်း တင်သွင်းခံရသူ ဩစတြေးလျမင်းသမီး နာအိုမီက ဒိုင်ယာနာမင်းသမီးနေရာ သရုပ်ဆောင်ရမည်ကို ဂုဏ်ယူဝမ်းမြောက်သည်ဟု ပြောကြားသည်။ ယင်းဇာတ်ကားကို ယခုနှစ်နှောင်းပိုင်းတွင် စတင်ရိုက်ကူးမည်ဖြစ်သည်။ ***အင်တာနက်။***

ရွှေပါရမီတောရဆရာတော် အရှင်ဆန္ဒာဓိက ဦးစီးဦးဆောင်ဖွဲ့စည်းတည်ထောင်ထားသော ရွှေပါရမီကျန်းမာရေးဖောင်ဒေးရှင်းအဖွဲ့သို့ သရုပ်ဆောင် ဟိန်းဝေယံက အလှူငွေကျပ် ငါးသိန်းလှူဒါန်းရာ အသင်းတွဲဖက်အတွင်းရေးမှူး(၁) ဦးသိန်းထိုက်ဦး လက်ခံစဉ်။ (ကြေးမုံ)

မြန်မာ့ရိုးရာစစ်တုရင် တစ်ဦးချင်းအလွတ်တန်းပြိုင်ပွဲ ကျင်းပမည်

ရန်ကုန်　　ဖေဖော်ဝါရီ　　၁၀

အားကစားဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံစစ်တုရင်အဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပမည့် မြန်မာ့ရိုးရာစစ်တုရင် တစ်ဦးချင်းအလွတ်တန်းပြိုင်ပွဲကို ဖေဖော်ဝါရီ ၁၅ ရက်မှ စတင်၍ ရန်ကုန်မြို့ သိမ်ဖြူလမ်းနှင့် ကန်ရိပ်သာလမ်းထောင့်ရှိ သိမ်ဖြူအားကစားခန်းမ၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

အဆိုပါ မြန်မာ့ရိုးရာစစ်တုရင် တစ်ဦးချင်းအလွတ်တန်းပြိုင်ပွဲ၌ ထူးချွန်သော စစ်တုရင် အားကစားသမားများသည် ၂၀၁၂ ခုနှစ် မြန်မာ့ရိုးရာစစ်တုရင် တံခွန်စိုက်ပြိုင်ပွဲသို့ ပါဝင်ယှဉ်ပြိုင်ခွင့်ရရှိမည်ဖြစ်သည်။ ယင်းပြိုင်ပွဲမှ လက်စွမ်းလက်စရှိပြီး အလားအလာရှိသော မြန်မာ့ရိုးရာ စစ်တုရင်အားကစားသမားများအား မြန်မာ့လက်ရွေးစင် စစ်တုရင်အားကစားသမားအဖြစ် ရွေးချယ်မည်ဖြစ်သည်။

၂၀၁၃ ခုနှစ် မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပမည့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ၌ မြန်မာ့ရိုးရာစစ်တုရင်ပြိုင်ပွဲကို ထည့်သွင်းကျင်းပမည်ဖြစ်ရာ မြန်မာနိုင်ငံစစ်တုရင်အဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် အမှုဆောင်များက ယင်းပြိုင်ပွဲတွင် မြန်မာ့ရိုးရာစစ်တုရင် အားကစားသမားများ ပင်ကိုစွမ်းရည်ပြသကြကာ ဆုတံဆိပ်များရရှိနိုင်ရေးအတွက် ယခုကဲ့သို့ ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်ခြင်းဖြစ်သည်။

မြန်မာ့ရိုးရာ စစ်တုရင်တစ်ဦးချင်းအလွတ်တန်းပြိုင်ပွဲ၌ မြန်မာနိုင်ငံတစ်ဝန်းလုံးမှ မည်သူမဆို ပါဝင်ယှဉ်ပြိုင်နိုင်ကြောင်းနှင့် ဖေဖော်ဝါရီ ၁၄ ရက်နောက်ဆုံးထား၍ မြန်မာနိုင်ငံ စစ်တုရင်အဖွဲ့ချုပ် ရုံးအဖွဲ့မှူး ဦးမျိုးဇော်မင်း ဖုန်း-၀၉-၇၃၁၆၈၂၈၄ နှင့် ဖုန်း-၃၇၅၅၇၃ တို့သို့ အမည်စာရင်းသွင်းကာ ပြိုင်ပွဲနှင့်စပ်လျဉ်း၍ မေးမြန်းစုံစမ်းနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

KIA အမှတ်(၁၀)တပ်ရင်းမှ ထွက်ပြေးလာသော တပ်ဖွဲ့ဝင်လေးဦးအား တပ်မတော်မှ လက်နက်မဲ့ဖမ်းဆီးရမိ

နေပြည်တော်　ဖေဖော်ဝါရီ　၁၀

ကချင်ပြည်နယ် မြစ်ကြီးနားခရိုင် အင်ဂျန်းယန်မြို့နယ် ဝါရှားပါးကျေးရွာအနီးရှိ KIA အမှတ်(၁၀)တပ်ရင်းမှ ထွက်ပြေးလာသော တပ်ဖွဲ့ဝင်လေးဦးအား ဖေဖော်ဝါရီ ၅ ရက် နံနက် ၁၁ နာရီခန့်တွင် တပ်မတော်က လက်နက်မဲ့ဖမ်းဆီးရမိခဲ့ကြောင်း သိရှိရသည်။

၎င်းထွက်ပြေးလာသော KIA တပ်ဖွဲ့ဝင်လေးဦးမှာ တပ်သားအဆင့်များဖြစ်ပြီး မြစ်ကြီးနားမြို့ နန်းကွေ့ကျေးရွာအုပ်စု နောင်ပုံကျေးရွာတွင် လယ်ယာလုပ်ငန်းလုပ်ကိုင်နေကြရာမှ ၂၀၁၁ ခုနှစ် အောက်တိုဘာလက ရွှေမှော်လုပ်ကိုင်ရန်အတွက် ဝိုင်းမော်မြို့နယ် ပန်တောင်ကျေးရွာအနီး ချောင်းဆုံသို့ သွားရောက်စဉ် KIA အမှတ်(၄)တပ်ရင်းမှ ဖမ်းဆီးခေါ်ဆောင်သွားခဲ့ခြင်း ဖြစ်ကြောင်း၊ ဖမ်းဆီးခံရပြီးနောက် KIA သင်တန်းသို့ တက်ရောက်ခဲ့ရကြောင်း၊ သင်တန်းဆင်းပြီး နှစ်လခန့်အကြာတွင် လက်နက်ငယ်များနှင့် ခဲယမ်းမီးကျောက်များအား KIA အမှတ်(၁၀) တပ်ရင်းဌာနချုပ်ရှိရာ မျှော်ပါရွာအထက် တောင်ကုန်းနေရာသို့ ပို့ဆောင်ခိုင်းစဉ်တွင် အလင်းဝင်ရန် ရည်ရွယ်ချက်ဖြင့် ထွက်ပြေးလာခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။

၎င်းတို့အနေဖြင့် KIA အဖွဲ့မှ အတင်းအကျပ် လက်နက်ဖြင့်ခြိမ်းခြောက်ကာ အဓမ္မတပ်သားသစ် စုဆောင်းခံခဲ့ရခြင်းဖြစ်ပြီး KIA အဖွဲ့တွင် လုပ်ကိုင်ရန် စိတ်ပါဝင်စားမှုမရှိခြင်း၊ မိသားစုဝင်များနှင့်အတူ နေထိုင်၍ အေးချမ်းစွာလုပ်ကိုင်စားသောက်လိုကြခြင်း၊ KIA အဖွဲ့အတွင်း နေထိုင်စဉ် ဆင်းရဲငတ်ပြတ်မှုများ ခံစားရခြင်း၊ လုံလောက်သော ကျန်းမာရေး စောင့်ရှောက်မှုမရှိခြင်းတို့ကြောင့် ယခုကဲ့သို့ ထွက်ပြေးခဲ့ကြခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အားကစားမြင့်တင်စိတ်လန်းရွှင်ဆန့်ကျင်မှူးယစ်ဆေး

ရမည်းသင်းမြို့ ရွှေသင်းဘိုးဘွားရိပ်သာ၌ ထာဝရငွေပဒေသာပင်လှူဒါန်းပွဲ ကျင်းပ

ရမည်းသင်း　　ဖေဖော်ဝါရီ　　၁၀

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် ရွှေသင်းဘိုးဘွားရိပ်သာတွင် ထာဝရငွေပဒေသာပင်လှူဒါန်းပွဲကို ဖေဖော်ဝါရီ ၈ ရက် နံနက်ပိုင်းက ရွှေသင်းဘိုးဘွားရိပ်သာဧည့်ခန်းမဆောင်၌ ကျင်းပသည်။

ရမည်းသင်းမြို့နယ် ပန်းထိမ်ရပ်နေ (အဘ) ဦးညွန့်လွင်ကို အမှူးထား၍ ဧရာဝတီမင်း မဟာကံထူးရှင် ထီဆိုင်ပိုင်ရှင် ဦးမြမောင်-ဒေါ်ထားထားနွယ်တို့က နှစ်ဖက်မိဘများဖြစ်ကြသော (ဦးစံမင်း-ဒေါ်သန်းရှင်)-(ဒေါ်ကျော်ညွန့်)တို့အား ရည်စူး၍ ထာဝရငွေပဒေသာပင် အလှူငွေကျပ် နှစ်သိန်းကို ပေးအပ်လှူဒါန်းရာ ရွှေသင်းဘိုးဘွားရိပ်သာ ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးရွှေနှင့် အတွင်းရေးမှူး ဦးငွေသိန်းတို့က လက်ခံရယူကြသည်။ **(အပေါ်ပုံ)**

(၆၅၄)

ကျောက်တံခါးမြို့နယ် အုပ်ချုပ်ရေးမှူးဖလား ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

ရန်ကုန်　　ဖေဖော်ဝါရီ　　၁၀

၂၀၁၂ခုနှစ် ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် မြို့နယ်အုပ်ချုပ်ရေးမှူးဖလား အမျိုးသားအလွတ်တန်း ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၉ ရက် ညနေ ၃ နာရီတွင် ကျောက်တံခါးမြို့နယ် အားကစားကွင်း၌ ကျင်းပရာ ဗိုလ်လုပွဲအဖြစ် ဂနက်အသင်းနှင့် ဖဒိုအသင်းတို့ ယှဉ်ပြိုင်ကစားကြပြီး ဂနက်အသင်းက နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။

ဆုချီးမြှင့်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ နေရာအလိုက်အကောင်းဆုံးဆုရရှိကြသူများနှင့် ဂိုးသွင်းအများဆုံးဆုရသူတို့အား ငွေသားဆုများကို လည်းကောင်း၊ ဒုတိယဆုရ ဖဒိုအသင်းနှင့် ပထမဆုရ ဂနက်အသင်းတို့အား တစ်ဦးချင်းဆုတံဆိပ်များကို လည်းကောင်း၊ တတိယဆုရ ကျောင်းစိုးအသင်းအား ဆုငွေကျပ် တစ်သိန်း၊ ဒုတိယဆုရ ဖဒိုအသင်းအား ဆုငွေကျပ် နှစ်သိန်းနှင့် ပထမဆုရ ဂနက်အသင်းအား ဆုငွေကျပ် သုံးသိန်းနှင့် ဆုဖလားတို့ကို လည်းကောင်း တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြို့ ၁ ရက်တွင်ကျင်းပမည့် ကြားဖြတ်ရွေးကောက်ပွဲကို လွတ်လပ်ပြီး တရားမျှတသည့် ရွေးကောက်ပွဲဖြစ်ရေးအတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က စီစဉ်ဆောင်ရွက်ထား

ရန်ကုန် ဖေဖော်ဝါရီ ၁၀

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေးနှင့် ရန်ကုန်တိုင်းဒေသကြီးကော်မရှင်အဖွဲ့ခွဲ၊ ခရိုင်နှင့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲများ တွေ့ဆုံပွဲကို ယနေ့ မွန်းလွဲ ၁ နာရီတွင် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး မင်္ဂလာခန်းမ၌ ကျင်းပသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေး ရန်ကုန်တိုင်းဒေသကြီးကော်မရှင်အဖွဲ့ခွဲ၊ ခရိုင်နှင့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲများနှင့် တွေ့ဆုံပွဲတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

အခမ်းအနားသို့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ရန်ကုန်တိုင်းဒေသကြီး တာဝန်ခံ ဒေါက်တာဒေါ်မြင့်ကြည်၊ ရန်ကုန်တိုင်းဒေသကြီး ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးကိုကို၊ တိုင်းဒေသကြီး ကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူးနှင့် အဖွဲ့ခွဲဝင်များ၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ခရိုင် လေးခရိုင်နှင့် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ မရမ်းကုန်းမြို့နယ်၊ ကော့မှူးမြို့နယ်၊ သုံးခွမြို့နယ်နှင့် လှည်းကူးမြို့နယ်တို့မှ ခရိုင်နှင့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများနှင့် အဖွဲ့ခွဲဝင်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေးက လွှတ်တော်အသီးသီးတွင် လစ်လပ်လျက်ရှိသည့် မဲဆန္ဒနယ်များအတွက် ဧပြီ ၁ ရက်တွင် ကျင်းပမည့် ကြားဖြတ်ရွေးကောက်ပွဲကို လွတ်လပ်ပြီးတရားမျှတသည့် ရွေးကောက်ပွဲဖြစ်ရေးအတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က စီစဉ်ဆောင်ရွက်ထားမှုများနှင့် တိုင်းဒေသကြီးနှင့် ခရိုင်၊ မြို့နယ် ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်က လိုက်နာအကောင်အထည်ဖော်သွားရမည့် လုပ်ငန်းများနှင့်စပ်လျဉ်း၍ အကျယ်တဝင့် ရှင်းလင်းမှာကြားသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးကိုကိုက ရန်ကုန်တိုင်းဒေသကြီးအတွင်း ကျင်းပမည့် ကြားဖြတ်ရွေးကောက်ပွဲအတွက် ပြင်ဆင်ထားရှိမှုများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ခရိုင် လေးခရိုင်နှင့် မြို့နယ်ခြောက်မြို့နယ်မှ ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌများက ခရိုင်နှင့် မြို့နယ်အလိုက် ကြားဖြတ်ရွေးကောက်ပွဲအတွက် ပြင်ဆင်ထားရှိမှုများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ရန်ကုန်တိုင်းဒေသကြီး တာဝန်ခံ ဒေါက်တာဒေါ်မြင့်ကြည်က ကြားဖြတ်ရွေးကောက်ပွဲနှင့်စပ်လျဉ်း၍ ဖြည့်စွက်ရှင်းလင်းပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကားပြောကြားပြီး တွေ့ဆုံပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

(၆၅)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုကြိုဆို

“ ပြည်ထောင်စုကြီးငြိမ်းချမ်းဖို့ ပြည်ထောင်စုကြီးအတွင်း နေထိုင်ကြသော တိုင်းရင်းသားအားလုံးက အလိုရှိကြသည်။ တိုးတက်မှုရလဒ်များကို အိမ်နီးချင်းနိုင်ငံများ၊ အာဆီယံနိုင်ငံများ၊ အာရှနိုင်ငံများကသာမက ကမ္ဘာ့နိုင်ငံများကပါ ဝမ်းမြောက်ကြိုဆို ”

ကျော်မျိုးနောင် ၏ ပြည်ထောင်စုစိတ်ဓာတ်အပြည့်ဖြင့် (ဆောင်းပါး) စာမျက်နှာ - ၈

စိုးမြင့်သန်းမောင်(စာပေဗိမာန်) ၏ ခေတ်တံခါးရဲ့ မုခ်ဦးရှေ့မှာ (ကဗျာ) စာမျက်နှာ - ၉

(၆၅)နှစ်မြောက် ပြည်ထောင်စုနေ့ နိုင်ငံတော်အလံအလေးပြုပွဲအခမ်းအနား တိုက်ရိုက်ထုတ်လွှင့်ပြသမည်

နေပြည်တော် ဖေဖော်ဝါရီ ၁၀

၂၀၁၂ခုနှစ် (၆၅)နှစ်မြောက် ပြည်ထောင်စုနေ့ နိုင်ငံတော်အလံအလေးပြုပွဲအခမ်းအနားကို ဖေဖော်ဝါရီလ ၁၂ ရက်(တနင်္ဂနွေနေ့) နံနက် ၇ နာရီတွင် နေပြည်တော်၌ ကျင်းပမည်ဖြစ်ရာ အခမ်းအနားကျင်းပပုံများကို မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်၊ နေပြည်တော်မြန်မာ့အသံနှင့် MRTV-4 အစီအစဉ်တို့မှ ယင်းနေ့ နံနက် ၆ နာရီ ၄၅ မိနစ်အချိန်မှစတင်ပြီး တိုက်ရိုက်ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

ငြိမ်းချမ်းရေးအတွက် ညှိနှိုင်းဆွေးနွေးကြိုးပမ်းဖော်ဆောင်မှုများကြောင့် နယ်စပ်ဒေသများတွင် တည်ငြိမ်အေးချမ်းမှု၊ လုံခြုံစိတ်ချရမှု ပိုမိုတိုးတက်ကောင်းမွန်လာခဲ့ မန်စီနှင့် ကွတ်ခိုင်မြို့နယ်များမှ ဒေသခံပြည်သူများ မိမိတို့နေထိုင်ရာ မူရင်းကျေးရွာအသီးသီးသို့ ပြန်လည်အခြေစိုက်နေထိုင်နိုင်ရန် ပြောင်းရွှေ့ထွက်ခွာလျက်ရှိ

နေပြည်တော် ဖေဖော်ဝါရီ ၁၀

ကချင်ပြည်နယ် မန်စီမြို့နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း) ကွတ်ခိုင်မြို့နယ်အတွင်း နယ်မြေအေးချမ်းတည်ငြိမ်မှု အားနည်းခဲ့သည့်အတွက် ၎င်းမြို့နယ်များအတွင်းရှိ ကျေးရွာအသီးသီးမှ ဒေသခံပြည်သူအချို့သည် တည်ငြိမ်အေးချမ်းမှုနှင့် လုံခြုံစိတ်ချရမှုရှိရာ မန်စီမြို့ပေါ်နှင့် ကွတ်ခိုင်မြို့ပေါ်တို့သို့ ပြောင်းရွှေ့ရောက်ရှိလာခဲ့ကြသည်။ ယင်းသို့ ပြောင်းရွှေ့ရောက်ရှိလာကြသူများအား သက်ဆိုင်ရာဒေသအာဏာပိုင်များနှင့် တာဝန်ရှိသူများ၊ စေတနာရှင်များက နေထိုင်ရေး၊ စားသောက်ရေး၊ ကျန်းမာရေး အစစအဆင်ပြေအောင် ကူညီထောက်ပံ့ဖြည့်ဆည်းစောင့်ရှောက်ပေးလျက်ရှိသည်။

ယခုအခါ နိုင်ငံတော်အစိုးရ၏ ပြည်ထောင်စုတစ်ဝန်းလုံး ထာဝရငြိမ်းချမ်းရေးအတွက် ညှိနှိုင်းဆွေးနွေး ကြိုးပမ်းဖော်ဆောင်မှုများကြောင့် နယ်စပ်ဒေသများတွင် ယခင်ကာလများကထက် တည်ငြိမ်အေးချမ်းမှု၊ လုံခြုံစိတ်ချရမှု ပိုမိုတိုးတက်ကောင်းမွန်လာခဲ့ပြီဖြစ်သည်။ အဆိုပါ မန်စီမြို့နယ်နှင့် ကွတ်ခိုင်မြို့နယ်များတွင်လည်း ယခင်နှင့်မတူဘဲ တည်ငြိမ်အေးချမ်းမှု ပြန်လည်ရရှိနေပြီဖြစ်သည့်အတွက် မြို့ပေါ်သို့ ပြောင်းရွှေ့ရောက်ရှိလာခဲ့ကြသည့် ဒေသခံပြည်သူများသည် သက်ဆိုင်ရာ ဒေသအာဏာပိုင်များ၏ အကူအညီဖြင့် မိမိတို့နေထိုင်ရာ မူရင်းကျေးရွာအသီးသီးသို့ ပြန်လည်အခြေစိုက်နေထိုင်နိုင်ရန် ပြောင်းရွှေ့ထွက်ခွာလျက်ရှိကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဘာသာပြန် ရောမောင်

ငါးမန်းဘေးအန္တရာယ်မှ ကာကွယ်ပေးမည့် ရေငုပ်ဝတ်စုံကို ပင်လယ်ရေအောက်၌ စမ်းသပ်စဉ်။

ငါးမန်းအန္တရာယ်မှ ကာကွယ်ပေးမည့် ရေငုပ်ဝတ်စုံကို တီထွင်ထုတ်လုပ်

ဝါရှင်တန် ဖေဖော်ဝါရီ ၁၀

ပင်လယ်ရေအောက်စူးစမ်းလေ့လာသူများနှင့် ပင်လယ်ရေအောက်သို့ ငုပ်လျှိုးကာလေ့လာကြည့်ရှုလိုသူများအား ငါးမန်းဘေးအန္တရာယ်မှ ကာကွယ်ပေးနိုင်မည့် ရေငုပ်ဝတ်စုံတစ်မျိုးကို အမေရိကန်နည်းပညာရှင်များက တီထွင်ထုတ်လုပ်ထားပြီဖြစ်ကြောင်း ယနေ့သတင်းတွင် ဖော်ပြသည်။

သာယာလှပသော ပင်လယ်ရေအောက်ရှုခင်းများကို ကြည့်ရှုကာ အပန်းဖြေလိုသူများနှင့် အဏ္ဏဝါစူးစမ်းလေ့လာသူများသည် စာမျက်နှာ ၆ ကော်လံ ၁ သို့ ✳